# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၈) ရက် ၊ တနင်္ဂနွေနေ့ ၊ (2-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၅၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အခမ်းအနားသို့တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ဆိုင်းဘုတ်ကို ကျောက်စာလက်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

(၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဘိုဌေးနှင့်တာဝန်ရှိသူများ၊အငြိမ်းစားဆေးဝန်ထမ်းတပ်ဖွဲ့ဝင်အရာရှိကြီးများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆေးကောင်စီနှင့် မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က (၇၅)နှစ်မြောက် စိန်ရတု ဆေးဝန်ထမ်းတပ်ဖွဲ့နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


ASEAN TOURISM AWARDS(2022)၏ ASEAN MICE Venue Standardတွင် Exhibition Venue Awardရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊

ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊

အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊

နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊

အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။



(၇၈)လမ်းနှင့် (၃၈)လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊

၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊

၀၉-၆၆၇၈၈၈၈၈၃၊ ၀၉-၆၆၇၈၈၈၈၈၂



ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၂ ရက်

## အယ်ဒီတာ့အာဘော်

## အရှိန်အဟုန်မပျက်ဆောင်ရွက်ရမည့် MSMEလုပ်ငန်းများ

ပြည်တွင်းရှိ မြို့ကြီးများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ တည်ရှိပြီး ကျေးလက်ဒေသများတွင် အဆိုပါလုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ စိုက်ပျိုးထုတ်လုပ်ကြကြောင်း တွေ့နိုင်သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ကျေးလက်ဒေသမှ ထွက်ရှိသော ကောက်ပဲသီးနှံများကိုအခြေခံ၍ ကုန်ပစ္စည်းအဖြစ် ထုတ်လုပ်ကြရသလို ပြည်ပမှ မှာယူတင်သွင်းရသော ကုန်ကြမ်းများကိုလည်း ပေါင်းစပ်အသုံးပြုကြရသည်။ ကုန်ကြမ်းမှ ကုန်ချောသို့ အဆင့်ဆင့်ထုတ်လုပ်ကြရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းပမာဏအလိုက် ကျွမ်းကျင်လုပ်သားနှင့် ကုန်ထုတ်လုပ်မှုနည်းစနစ်များ လိုအပ်ပေသည်။

MSME လုပ်ငန်းများအနေဖြင့် ပြည်တွင်း၌ ထွက်ရှိသော ကုန်ကြမ်းများကို ခေတ်မီနည်းပညာ၊ စက်ကိရိယာများဖြင့် ပေါင်းစပ်ထုတ်လုပ်ခြင်းဖြင့် အရည်အသွေးပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သလို လုပ်ငန်းအောင်မြင်မှုအလိုက် အသေးစားစီးပွားရေးလုပ်ငန်းမှ အငယ်စားစီးပွားရေးလုပ်ငန်းအဖြစ်သို့လည်းကောင်း၊ အငယ်စားစီးပွားရေးလုပ်ငန်းမှ အလတ်စားစီးပွားရေးလုပ်ငန်းအဖြစ်သို့လည်းကောင်း ကူးပြောင်းရောက်ရှိလာနိုင်မည်ဖြစ်ပေသည်။

MSME စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ဒေသတွင်းထွက်ရှိသော အရည်အသွေးကောင်းမွန်သည့် ကုန်ကြမ်းများကို အခြေခံခြင်းဖြင့် ကျေးလက်ထုတ်ကုန်များကို အရည်အသွေးပြည့်ဝသည့် လူသုံးကုန်များအဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်သလို ဈေးကွက်လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ဤနေရာတွင် MSME စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်များ ပြည်တွင်းဈေးကွက်၌ခိုင်မာအောင် အရည်အသွေးနှင့် ဈေးနှုန်းကို အမြဲမပြတ် စစ်ဆေးကြပ်မတ်နေရန် လိုအပ်သည်။ ထို့ပြင် ကုန်ကြမ်းအဆင့်မှ ထုပ်ပိုးမှုထိ ကုန်ပစ္စည်းများ အဆင့်ဆင့်ထုတ်လုပ်နေမှု အခြေအနေများကို စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပေသည်။

MSME စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများသည် ဈေးကွက်တွင် အောင်မြင်သော အမှတ်တံဆိပ်တစ်ခုအဖြစ် ရောက်ရှိသွားပါက ကုန်ကြမ်းဝယ်လိုအား၊ ကုန်ချောရောင်းလိုအားတို့ မြင့်တက်လာကာ ကုန်ထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်သလို ကုန်စည်စီးဆင်းမှုကိုလည်း အားကောင်းလာစေမည်ဖြစ်သည်။ ပြည်ပသွင်းကုန်မှီခိုနေရသည့်အခြေအနေကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

MSME စီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်တွင်းစားသုံးသူတို့အကြိုက်ကို မျက်ခြည်မပြတ်ဘဲ ထုတ်လုပ်လိုက်သော ကုန်ပစ္စည်းအရည်အသွေးမှန်ကန်ကောင်းမွန်နေစေရန်နှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်လည်း အစဉ်တစိုက် အားထုတ်ဆောင်ရွက်ရမည်ဖြစ်သည်။

ဒေသတွင်းထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းက ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ပြီး ဒေသတွင်းအခြေအနေနှင့်ကိုက်ညီသည့် လုပ်ငန်းပုံစံကို လုပ်ဆောင်ခြင်းဖြင့်လည်း လုပ်ငန်းရှင်သန်မှုကို ရေရှည်တည်တံ့စေနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများသည် နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင် အခြေခံကျသောနေရာမှ ပါဝင်ကြသလို အခြေခံလူတန်းစားများအဖို့ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရရှိရာဖြစ်သဖြင့် အဆိုပါလုပ်ငန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၅၇၄၅ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

" ဒီနေ့ဟာ ရုံးပိတ်ရက်ဖြစ်တာကြောင့် မန္တလေးတောင်တော်ကို နယ်စုံဒေသက ဘုရားဖူးတွေအများအပြား လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေဟာ စောင်းတန်းကနေ ကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးဦးရေတိုးလာပြီး ရင်ပြင်တော်ပေါ်မှာ စည်ကားနေပါတယ်။ မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်ကြပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပကိုလဲ ဘုရားဖူးတွေ ကြည့်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းရောင်းချတဲ့ဆိုင်တွေမှာလဲ ဝယ်ယူနေကြပြီး စည်ကားနေပါတယ်"ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၇၂၃ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၅၅၁၂၈ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းကပြောပြသည်။

ထို့အတူ ဝေဠုဝနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၁၆၀၀ လာရောက်ဖူးမြော်ကြောင်း ဝေဠုဝနကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

## မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(နီ) အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးဈေးကွက်တွင် ပဲစင်းငုံ (နီ) အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲစင်းငုံ(နီ)များကို ပြည်ပသို့ အဓိကထားတင်ပို့လျက်ရှိကြောင်း၊ ယခုအခါ ပြည်ပက ပဲစင်းငုံ(နီ)များ ဝယ်ယူမှုများပြားလာသည့်အပြင် ပြည်တွင်း၌လည်း အရောင်းအဝယ်ကောင်းလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ပဲစင်းငုံ (နီ) ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲစင်းငုံ(နီ)က အရင် ပြည်ပဈေးကွက်ကော ပြည်တွင်းဈေးကွက်မှာပါ အရောင်းအဝယ်အေးနေခဲ့တယ်။ အခုလက်ရှိ အရောင်းအဝယ် ကောင်းနေတာကြောင့် မန္တလေး ဈေးကွက်အတွင်းမှာ ဈေးကောင်းရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း စက်တင်ဘာလ ပထမပတ်အတွင်း ပဲစင်းငုံ(နီ)ဈေးနှုန်းမှာသုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၁၉၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း စက်တင်ဘာ ၃၀ ရက်တွင် ပဲစင်းငုံ(နီ)ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀ ပေါက်ဈေးရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

## မန္တလေးတိုင်းဒေသကြီးအတွင်း အဘိုး၊ အဘွား ၃၀၉၇၄ ဦးကို သုံးလစာအတွက် လူမှုရေးပင်စင်ငွေများ ပံ့ပိုးပေးပြီးဖြစ်

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်အထက် အဘိုး၊ အဘွား ၃၀၉၇၄ ဦးကို ဇွန်၊ ဇူလိုင်၊ ဩဂုတ် သုံးလစာအတွက် လူမှုရေးပင်စင်ငွေကျပ် သိန်း ၉၀၀၀ ကျော်ကို စက်တင်ဘာလ နောက်ဆုံးပတ်အတွင်းက ပံ့ပိုးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များအလိုက်ရှိ အသက် ၈၅ နှစ်အထက် အဘိုး၊ အဘွားများကို လူမှုရေးပင်စင်ပံ့ပိုးငွေများ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လတို့အတွက် သုံးလစာပေါင်း၍ ပံ့ပိုးပေးနေသည့်စနစ်အတိုင်း ထုတ်ပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ပံ့ပိုးပေးရာ တစ်ဦးလျှင် သုံးလစာပေါင်း ငွေကျပ် ၃၀၀၀၀ ကို စက်တင်ဘာလဒုတိယပတ်မှစ၍ ပံ့ပိုးပေးခဲ့ရာ အဘိုး ၉၃၈၄ ဦးနှင့် အဘွားဦးရေ ၂၁၅၉၀ စုစုပေါင်း အဘိုး၊ အဘွား ၃၀၉၇၄ ဦးကို စက်တင်ဘာလ နောက်ဆုံးပတ်အတွင်းက အားလုံး ပံ့ပိုးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းက ပြောပြသည်။

"အခုလို ပံ့ပိုးငွေတွေပေးတဲ့အတွက် အဘိုး၊ အဘွားတွေက သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာလဲ လိုအပ်တဲ့ဆေးဝါးကုသမှုစရိတ်တွေရရှိပါတယ်။ အလှူအတန်းတွေလဲ လုပ်လို့ရပါတယ်။ လက်ထဲမှာ ပိုက်ဆံလေးတွေရှိတော့ စိတ်ကျေနပ်မှုရရှိစေပါတယ်။အဘိုး၊ အဘွားတွေ အသက်ကြီးလာပေမဲ့လဲ နိုင်ငံတော်ကနေ သူတို့ကို အသက်ရှည်တဲ့ အတွက်ကြောင့် ဂုဏ်ပြုပံ့ပိုးပေးတဲ့ငွေဖြစ်ပါတယ်" ဟု ဦးဇော်မင်းက ပြောပြသည်။

ထိုသို့ လူမှုရေးပင်စင်ငွေများ ပေးရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူအရောင်းအဝယ်ကောင်းမွန်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ခန့်ထိ ပေါက်ဈေးရှိနေ

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူ အရောင်းအဝယ် ကောင်းမွန်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ခန့်ထိပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပြည်တွင်းဈေးကွက်အတွင်း ကြက်သွန်ဖြူအရောင်းအဝယ် ကောင်းမွန်သည့်အပြင် ဈေးကောင်းလည်းရရှိနေကြောင်း၊ မန္တလေးဈေးကွက်တွင်လည်း ကြက်သွန်ဖြူများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ဈေးနှုန်းများပါ ကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ကြက်သွန်ဖြူတွေကို ကုန်သည်တွေ အနေနဲ့ အဝယ်တော်တော်များလာတယ်။ ကြက်သွန်ဖြူအဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်မှာ ကြက်သွန်ဖြူဈေးက ချက်ချင်းဈေးကောင်းရရှိလာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

ပြည်တွင်း၌ စက်တင်ဘာလ နောက်ဆုံးပတ်က အဝယ်သိပ်မလိုက်သောကြောင့် မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ်၃၃၀၀ ခန့်သာရှိခဲ့သော်လည်း ယနေ့တွင် ပြည်တွင်းဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ခန့်ထိရှိလာပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလတ်တလော မုံရွာက မန္တလေးကိုတင်ပို့တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့အခြားမြို့ကြီးတွေကိုလဲ ပြန်ပြီးတင်ပို့နေရပါတယ်။ လတ်တလောမှာ ကြက်သွန်ဖြူအဟောင်းလက်ကျန်နည်းနေတော့ ကြက်သွန်ဖြူအသစ်တွေလဲ ဈေးကောင်းနေတာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် စစ်ကိုင်းမြို့ နန္ဒဝန်ရပ်ကွက်နေ ဒေါ်စင်မျိုးဝင်း၊ သား မောင်သီဟမျိုးသိန်း၊ သမီး မသဥ္စာမျိုးသိန်း မိသားစုက ဦးစောသိန်းအားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ-ဂရိတ်ဦးမြဝင်းက လက်ခံရယူစဉ်။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြေပဲပြည်ပတင်ပို့မှုတွင် မြေပဲဆန်များကိုသာ တင်ပို့ရောင်းချနေရ



**နေပြည်တော် အောက်တိုဘာ ၁**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မြေပဲ ပြည်ပတင်ပို့မှုတွင် အခွံပါမြေပဲများကို တင်ပို့ရောင်းချပေးခြင်းမရှိဘဲ မြေပဲဆန်များကိုသာ တင်ပို့ရောင်းချပေးနေရကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြေပဲကိုပြည်ပသို့တင်ပို့ရောင်းချပေးရာတွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများက အခွံပါမြေပဲများနှင့် မြေပဲဆန်များကို ဝယ်ယူနေကြသဖြင့် အခွံပါမြေပဲနှင့် မြေပဲဆန်နှစ်မျိုးစလုံးကို တင်ပို့ရောင်းချပေးနေရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ရက်မှ စက်တင်ဘာ ၂၃ ရက်ထိ ကာလအတွင်း ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများက မြေပဲဆန်များကိုသာ ဝယ်ယူခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၂၃ ရက်ထိ ကာလအတွင်း ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ အခွံပါမြေပဲများကိုတင်ပို့ရောင်းချမှုမရှိဘဲ မြေပဲဆန်များကိုသာ တင်ပို့ရောင်းချပေးခဲ့ရာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၈၉ သန်းဖိုးထိ တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

ထိုသို့တင်ပို့ရောင်းချပေးခဲ့ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇ သန်းဖိုးနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၁၉ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၈၉ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မြေပဲကို ရာသီအလိုက်၊ ဒေသအလိုက် စိုက်ပျိုးကြပြီး ထိုသို့စိုက်ပျိုးရာတွင် မိုးကြိုမြေပဲ၊ မိုးမြေပဲ၊ မိုးနှောင်းသီးထပ်မြေပဲ၊ ကိုင်းကျွန်းမြေပဲ စသည်ဖြင့် ရာသီအလိုက်စိုက်ပျိုးနေကြကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြေပဲများ ဈေးကောင်းနေပြီး လက်ရှိဈေးကွက်သို့ စတင်ဝင်ရောက်နေသည့် မိုးမြေပဲများ၏ ပင်ရင်းဒေသဈေးနှုန်းများမှာ မြေပဲအတောင့် တစ်တင်းလျှင် ငွေကျပ် ၁၃၀၀၀ နှင့် မြေပဲဆန်တစ်တင်းလျှင် ငွေကျပ် ၅၈၀၀၀ ခန့် ပေါက်ဈေးရှိနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

SKL

# ဆင်ပေါင်ဝဲမြို့နယ် ဆိုင်းစုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ရွှေမောင်းစွန်းကျေးရွာအုပ်စု ဆိုင်းစုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆိုင်းစုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါဆိုင်းစုကျေးရွာ၌ လမ်းအရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၅ ဒသမ ၇၅ သိန်း စုစုပေါင်းငွေကျပ် ၁၂၅ ဒသမ ၇၅ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

# ပူတာအိုမြို့နယ် ဇီဒမ်း(၂)ကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ပူတာအို အောက်တိုဘာ ၁**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဇီဒမ်း(၂)ကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲမင်းကျော်၊ ပူတာအိုခရိုင်နှင့် ပူတာအိုမြို့နယ်မှ တာဝန်ရှိသူများက ဇီဒမ်း(၂)ကျေးရွာ၌ တွင်းနက်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲမင်းကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဇီဒမ်း(၂)ကျေးရွာတွင် အကျယ် လေးလက်မ၊ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် နှစ်စင်တည်ဆောက်ခြင်းလုပ်ငန်းများကို တိုးတက်အောင်သူကုမ္ပဏီက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၄၆ သန်းဖြင့် စက်တင်ဘာလပထမပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၂၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးပါက ဇီဒမ်း(၂) ကျေးရွာရှိ အိမ်ခြေ ၇၆ အိမ်မှ လူ ၄၂၆ ဦးတို့အတွက် သောက်သုံးရေအလွယ်တကူ သုံးစွဲနိုင်မည်ဖြစ်ကြောင်း ပူတာအိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**



# သက်ကြီးအမျိုးသမီးများရဲ့စွမ်းပကား ဒို့များအလေးထား

မောင်သောင်းဝင်း(တမန်ဟောင်း)

❖ ယခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ဆောင်ပုဒ်သည် "သက်ကြီးအမျိုးသမီးများရဲ့စွမ်းပကား ဒို့များအလေးထား" "The Resilience and Contributions of Older Women" ဖြစ်သည်။ ကိုဗစ်-၁၉ အလွန်ကာလတွင် သက်ကြီးရွယ်အိုအမျိုးသမီးများ၏အခန်းကဏ္ဍကို အလေးထားနိုင်ရန် နှိုးဆော်ထားခြင်းဖြစ်သည်။ သက်ကြီးရွယ်အို အမျိုးသမီးများ ရင်ဆိုင်နေရသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးနှင့် ဘဝတစ်လျှောက် ခံစားနေရသည့်မညီမျှမှုများကို သိရှိစေရန်၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များ၊ မူဝါဒချမှတ်သူများနှင့် အရပ်ဘက်အဖွဲ့အစည်းများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍပိုမိုမြင့်တက်လာစေရန်ပင်ဖြစ်သည်။ ❖

အသက်အရွယ်အိုမင်းနေပြီဖြစ်သည့် မိဘ၊ ဘိုးဘွားများ၏ ကျေးဇူးတရားများကို သတိရအောက်မေ့နေစေရန်အလို့ငှာ ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဆုံးဖြတ်ချက်အမှတ် (၄၅/၁၀၆) ဖြင့် နှစ်စဉ် အောက်တိုဘာ ၁ ရက်ကို အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့၏ ရည်ရွယ်ချက်သည် ဇရာထောင်းလာသော သက်ကြီးရွယ်အိုများကို ပစ်ပယ်မထားရန်နှင့် နိုပ်စက်ညှဉ်းပန်းသည့်အပြုအမူများကို အကာအကွယ်ပေးရန်ဖြစ်သည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများကို ကြဉ်ဖယ်ထားခြင်းမျိုးမပြုလုပ်ဘဲ မိသားစုနှင့် လူမှုအသိုက်အဝန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ပေးသွားရန်ပင်ဖြစ်သည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ဆောင်ပုဒ်သည် "သက်ကြီးအမျိုးသမီးများရဲ့ စွမ်းပကား ဒို့များအလေးထား" "The Resilience and Contributions of Older Women" ဖြစ်သည်။ ကိုဗစ်-၁၉ အလွန်ကာလတွင် သက်ကြီးရွယ်အိုအမျိုးသမီးများ၏အခန်းကဏ္ဍကို အလေးထားနိုင်ရန် နှိုးဆော်ထားခြင်းဖြစ်သည်။ သက်ကြီးရွယ်အို အမျိုးသမီးများ ရင်ဆိုင်နေရသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးနှင့် ဘဝတစ်လျှောက်ခံစားနေရသည့် မညီမျှမှုများကိုသိရှိစေရန်၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များ၊ မူဝါဒချမှတ်သူများနှင့် အရပ်ဘက်အဖွဲ့အစည်းများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍပိုမိုမြင့်တက်လာစေရန်ပင်ဖြစ်သည်။ နှစ်စဉ် ထိုနေ့ရောက်ရှိလျှင် ကမ္ဘာတစ်ဝန်းရှိ သက်ကြီးဘိုးဘွားများအတွက် အမှတ်တရအခမ်းအနားများ ကျင်းပပေးလေ့ရှိကြသည်။ မိဘများနှင့် အဘိုးအဘွားများရှိသော မိသားစုများအနေဖြင့် ထိုနေ့တွင် သက်ကြီးရွယ်အိုများအတွက် အမှတ်တရဖြစ်စေမည့်အရာလေးများကို တတ်နိုင်သမျှ လုပ်ဆောင်ပေးသွားသင့်သည်။

**လျစ်လျူရှုမထားသင့်**

စင်စစ်အားဖြင့် လူသားတိုင်းကြုံတွေ့ရမည့်အရာသည် အို၊ နာ၊ သေဘေးဖြစ်သည်။ ထို့ကြောင့် လူသားတိုင်း ဆုတောင်းလေ့ရှိကြသည်မှာ အိုဇာတာကောင်းရေးပင်ဖြစ်သည်။ လူတစ်ဦးသည် ဘဝတစ်လျှောက်လုံး မည်မျှပင်ကြွယ်ဝချမ်းသာနေစေကာမူ အိုဇာတာညံ့နေမည်ဆိုလျှင် ဘဝနေဝင်ချိန်သည် ပူလောင်နေမည်ဖြစ်သည်။ အချို့သောသူများသည် ငယ်စဉ်က မပြည့်စုံသော်လည်း အိုဇာတာကောင်းသဖြင့် ဘဝနေဝင်ချိန်သည် အေးချမ်းလှသည်။ တရားသဘောအရကြည့်မည်ဆိုလျှင် ကံကံ၏အကျိုးသာဖြစ်သည်။ လူတစ်ဦးသည် အိုဇာတာကောင်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ သား၊ သမီးများနှင့် မျိုးဆက်သစ်လူငယ်များသည် အသက်အရွယ်အိုမင်းနေပြီဖြစ်သော မိဘ၊ ဘိုးဘွားများကို ပြုစုစောင့်ရှောက်ပေးရန် တာဝန်ရှိပေသည်။

အိုမင်းမစွမ်းသည့် မိဘများ၊ အဘိုးအဘွားများကို တစ်လှည့်ပြုစုစောင့်ရှောက်ခြင်းသည် သား၊ သမီးများ၏ တာဝန်ပင်မဟုတ်ပါလား။ ထိုသို့သက်ကြီးမိဘ၊ ဘိုးဘွားများကို စောင့်ရှောက်ရန် ပျက်ကွက်သူများသည် လူကျင့်ဝတ်ဖောက်ဖျက်ခြင်းပင်ဖြစ်သည်။ မိဘများအပေါ် တာဝန်ပျက်ကွက်ခဲ့သူများသည် မိမိအသက်ကြီးလာလျှင်လည်း သား၊ သမီးများက လျစ်လျူရှုခြင်းခံရပေမည်။ ဆိုရလျှင် သား၊ သမီးများအနေဖြင့် သက်ကြီးရွယ်အိုမိဘ၊ ဘိုးဘွားများကို ဉာဏစောင့်ရှောက်သွားရန်တာဝန်ရှိသည်။ သက်ကြီးရွယ်အိုများကို ကြဉ်ဖယ်ထားခြင်းသည် ရက်စက်လွန်းရာကျလွန်းလှပေသည်။ ထိုသို့လျစ်လျူရှုထားမည်ဆိုလျှင် ကိုယ်တိုင်အသက်အရွယ်ရလာချိန်တွင် ဝတ်လည်တတ်သည်။

အချို့သော သား၊ သမီးများသည် မိဘများ၊ သက်ကြီးရွယ်အိုများကို လျစ်လျူရှုထားတတ်ကြသည်။ ဆိုလိုသည်မှာ မိသားစုအရေးအရာများတွင် ပါဝင်ဆွေးနွေးသည်ကိုပင် လက်မခံကြတော့ပေ။ မိဘ၊ ဘိုးဘွားများနေရာက ဝင်ရောက်ခံစားကြည့်သင့်သည်။ မိဘ၊ ဘိုးဘွားများသည် မိသားစုတွင် ဩဇာမညောင်းတော့သဖြင့် သိမ်ငယ်စိတ်ဝင်လာတတ်သည်။ အချို့သော သား၊ သမီး၊ မြေး၊ မြစ်များသည် သက်ကြီးရွယ်အိုမိဘ၊ ဘိုးဘွားများကို တလေးတစားပြောဆိုဆက်ဆံခြင်းမျိုးမရှိတော့ပေ။ အပြုအမူများသည် စိမ်းကားလာကြသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ သက်ကြီးရွယ်အိုများသည် မိမိတို့၏ကျေးဇူးရှင်များဖြစ်ကြသဖြင့် လျစ်လျူရှုမထားသင့်ပေ။

**စောင့်ရှောက်ရန်တာဝန်ရှိ**

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ အသက် ၆၅ နှစ်အထက် လူဦးရေ ၇၀၃ သန်းကျော်နေပြီဖြစ်သည်။ ၂၀၅၀ ပြည့်နှစ်ရောက်လျှင် အသက် ၆၅ နှစ်အထက် လူဦးရေ ၁ ဒသမ ၃ ဘီလီယံကျော်ထိရှိလာမည်ဖြစ်သည်။ ထို့ပြင် ၎င်းကာလတွင် ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသော လူဦးရေသန်း ၂၀၀၀ သည် အသက် ၆၀ ကျော်အရွယ်များဖြစ်နေမည်ဖြစ်သည်။ ၂၁၀၀ ပြည့်နှစ်တွင် သန်း ၃၀၀၀ ကျော်ရှိလာမည်ဖြစ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် ကမ္ဘာကြီးတွင် သက်ကြီးရွယ်အိုပြည်သူအရေအတွက်သည် တစ်နေ့တခြားမြင့်တက်လာလျက်ရှိသည်။ အာရှဒေသသည် သက်ကြီးရွယ်အိုအများဆုံးဒေသပင်ဖြစ်သည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားရန် လိုအပ်လာပြီဖြစ်သည်။ ပြည့်စုံလုံလောက်သည့် အာမခံများပေးထားမည်ဆိုလျှင် သက်ကြီးရွယ်အိုဘိုးဘွားများသည် လူမှုအသိုက်အဝန်း၏ လုပ်ငန်းဆောင်တာများတွင် ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် သက်ကြီးရွယ်အိုအများဆုံးနိုင်ငံသည် ဂျပန်နိုင်ငံဖြစ်သည်။ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုမှာ နိုင်ငံလူဦးရေ၏ ၂၇ ရာခိုင်နှုန်းထိရှိနေသည်။ ဂျပန်နိုင်ငံ၌ လူလေးဦးတွင် တစ်ဦးသည် သက်ကြီးရွယ်အိုဖြစ်နေသည်။ ထို့နောက် အီတလီနိုင်ငံတွင် ၂၃ ရာခိုင်နှုန်း၊ ပေါ်တူဂီနိုင်ငံတွင် ၂၂ ရာခိုင်နှုန်း၊ ဂျာမနီ၊ ဖင်လန်နှင့် ဘူလ်ဂေးရီးယားနိုင်ငံတို့တွင် ၂၁ ရာခိုင်နှုန်း၊ ဂရိ၊ ဆွီဒင်၊ လတ်ဗီးယား၊ ခရိုအေးရှား၊ ပြင်သစ်နှင့် ဒိန်းမတ်နိုင်ငံတို့တွင် ၂၀ ရာခိုင်နှုန်းဖြစ်ကြသည်။ ထိုနိုင်ငံများတွင် မွေးဖွားနှုန်းကျဆင်းလာသောကြောင့် သက်ကြီးရွယ်အိုများပြားလာခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ သား၊ သမီးများသည် သက်ကြီးရွယ်အိုမိဘ၊ ဘိုးဘွားများကို စောင့်ရှောက်ရန် တာဝန်ရှိနေသည် မဟုတ်ပါလား။ အထူးသဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့နေချိန်တွင် သား၊ သမီးများအနေဖြင့် သက်ကြီးရွယ်အို မိဘ၊ ဘိုးဘွားများကို ပိုမိုဂရုစိုက်သွားသင့်သည်။ အာဟာရရှိသော အစားအစာများ ကျွေးခြင်း၊ စိတ်ချမ်းသာအောင်ထားခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ကို အလေးထားလုပ်ဆောင်သွားသင့်သည်။

**ရှက်ချင်းဝဋ်လည်တတ်**

ကမ္ဘာတစ်ဝန်းသက်ကြီးအရေအတွက် မည်မျှပင်များပြားလာစေကာမူ ထိုပုဂ္ဂိုလ်များသည် စာရေးသူတို့၏ဘိုးဘွား၊မိဘများဖြစ်ကြသည်။ ကျေးဇူးရှင်များဖြစ်ကြသည်။ ထိုသူများ၏ ကျေးဇူးတရားများကြောင့် စာရေးသူတို့အားလုံး လူလို၊ သူလိုနေထိုင်နိုင်ခြင်းဖြစ်သည်။ တစ်နေ့တွင် မိမိတို့လည်း ထိုနေရာကိုရောက်ရှိကြမည်ဖြစ်သည်။ လက်ရှိအချိန်တွင် သက်ကြီးရွယ်အိုများကို လျစ်လျူရှုထားကြမည်ဆိုလျှင် မိမိအလှည့်တွင်လည်း အလားတူခံစားကြရမည်ဖြစ်သည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများ၊ မိဘ၊ ဘိုးဘွားများကို မိမိတို့တတ်နိုင်သလောက် ပြုစုစောင့်ရှောက်သွားရန် လိုအပ်သည်။

အချို့သောသူများသည် အသက်အရွယ်ရလာသော မိဘများကို ဘိုးဘွားရိပ်သာသို့ ပို့လေ့ရှိကြသည်။ အမှန်စင်စစ်မှာမူ ဘိုးဘွား၊ မိဘများသည် သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူနေထိုင်လိုကြသည်။ အချို့သော ချွေးမများနှင့် သားမက်များသည် ယောက္ခမများကို မကြည်ဖြူကြပေ။ ထို့ကြောင့် သား၊ သမီးများသည် သက်ကြီးရွယ်အိုဘိုးဘွား၊ မိဘများကို ဘိုးဘွားရိပ်သာများသို့ ပို့လိုက်ကြရသည်။ ထိုသို့ မိဘများကို ဘိုးဘွားရိပ်သာပို့သည့်သူများ အိုမင်းမစွမ်းဖြစ်လာချိန်တွင်လည်း သူတို့၏သား၊ သမီးများက ဘိုးဘွားရိပ်သာသို့ပို့မည်မှာ ဧကန်မုချပင်ဖြစ်သည်။ ဝဋ်သည် နောက်ဘဝထိ မကူးပေ။ ချက်ချင်းလည်တတ်သည်။ ထို့ကြောင့် မိဘ၊ ဘိုးဘွားများကို အနီးကပ်ပြုစုစောင့်ရှောက်ပေးသင့်သည်။ ထိုသို့ပြုစုစောင့်ရှောက်ပေးမည်ဆိုလျှင် များစွာအကျိုးထူးသည်။

**သက်ကြီးအမျိုးသမီးများရဲ့စွမ်းပကား ဒို့များအလေးထား**

မည်သို့ပင်ဆိုစေ အချို့သော ပရဟိတသမားများ၊ ဘိုးဘွားရိပ်သာများသည် သား၊ သမီး၊ မြေး၊ မြစ်များမရှိသော သက်ကြီးဘိုးဘွားများကို စောင့်ရှောက်ပေးထားလေ့ရှိသည်။ အချို့သော ပရဟိတသမားများသည် သက်ကြီးရွယ်အိုများကို မိဘအရင်းကဲ့သို့ပင် ကျွေးမွေးပြုစုစောင့်ရှောက်ထားကြသည်။ အချို့သော ဘိုးဘွားရိပ်သာများတွင်လည်း သက်ကြီးဘိုးဘွားများကို ကျန်းမာရေးကအစ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ထားကြသည်။ အဘိုးအဘွားများသည် သား၊ သမီးများအိမ်တွင် နေထိုင်ရသည်ထက်ပင် ပို၍ စိတ်ချမ်းမြေ့လေ့ရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ သက်ကြီးအခွင့်အရေးဖော်ဆောင်ရန် ကြိုးပမ်းသူများကို အသိအမှတ်ပြုဂုဏ်ပြု ကျေးဇူးတင်ထိုက်သည် မဟုတ်ပါလား။

နှစ်စဉ် အောက်တိုဘာ ၁ ရက်သည် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ဖြစ်သည်။ သက်ကြီးရွယ်အိုများသည် လူ့အသိုက်အဝန်းအတွက်အရေးပါနေဆဲပင်ဖြစ်သည်။ အိမ်ထောင်စုတစ်စုအတွက် အကောင်း၊ အဆိုးနှင့် အကြောင်း၊ အကျိုးကိုမှန်ကန်စွာသုံးသပ်တတ်သူများဖြစ်ကြသည်။ လူ့အသိုက်အဝန်းတွင် သက်ကြီးရွယ်အိုများကို လူပိုဟု ထင်နေမည်ဆိုလျှင် လုံးဝမှားယွင်းနေမည်ဖြစ်သည်။သက်ကြီးရွယ်အိုများကို ကြဉ်ဖယ်ထားမည်ဆိုလျှင်၊ လျစ်လျူရှုထားမည်ဆိုလျှင် ထိုအသိုက်အဝန်းအတွက် အန္တရာယ်ပင်ဖြစ်သည်။ အထူးသဖြင့် သား၊ သမီးများသည် သက်ကြီးရွယ်အိုမိဘဘိုးဘွားများကို တတ်နိုင်သမျှ ပြုစုစောင့်ရှောက်သွားရန် လိုအပ်သည်။ တတ်နိုင်ပါက သက်ကြီးရွယ်အိုများကို ဘိုးဘွားရိပ်သာသို့ ပို့မထားသင့်ပါ။ သက်ကြီးရွယ်အိုများသည် ဘဝနေဝင်ချိန်ကို သား၊ သမီး၊ မြေး၊ မြစ်များနှင့် သိုက်သိုက်ဝန်းဝန်း ဖြတ်သန်းသွားလိုကြသည်။ မည်သို့ပင်ဆိုစေကာမူ လူငယ်များ၊ အထူးသဖြင့် သား၊ သမီးများအနေဖြင့် ယခုကဲ့သို့ ရောဂါဖြစ်ပွားနေသည့်အချိန်မျိုးတွင် ကိုယ်ခံအားနည်းနေပြီဖြစ်သော သက်ကြီးရွယ်အိုများကို ဂရုစိုက်သွားသင့်ပေသည်။

ကိုဗစ်- ၁၉ ရောဂါကြောင့် ကမ္ဘာ့ကျန်းမာရေး၊ လူမှုစီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ကမ္ဘာလုံးဆိုင်ရာရာသီဥတုတို့အပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိခဲ့သည်။ အထူးသဖြင့် သက်ကြီးရွယ်အိုအမျိုးသမီးများအပေါ် သက်ရောက်မှုများရှိခဲ့သည်။ သက်ကြီးရွယ်အိုအမျိုးသမီးများ၏ အရေးပါသောလုပ်ရှားဆောင်ရွက်မှုများ၊ အသံများ၊အမြင်သဘောထားများကို အသိအမှတ်ပြုခြင်းသည် ဒေသတွင်း၊ နိုင်ငံတော်နှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ၊ သဘာဝဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့်သက်ကြီးရွယ်အိုအမျိုးသမီးများ၏ စွမ်းပကားကို အလေးထား အသိအမှတ်ပြုဆောင်ရွက်သွားစေလိုပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကျွန်းလှမြို့နယ်၌ ချည်မျှင်ရှည်ဝါ စံပြကွက် ၂၄ ဧကစိုက်ပျိုးပြီးစီး

**ကျွန်းလှ အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် တစ်ဧကလျှင် ဝါပိဿာချိန် ၁၀၀၀ ကျော်ထွက်ရှိရေးအတွက် ချည်မျှင်ရှည်ဝါစံပြကွက် ၂၄ ဧကကို လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ယခုနှစ်တွင် ကျွန်းလှမြို့နယ်၌ တစ်ဧကလျှင် ဝါပိဿာချိန် ၁၀၀၀ ကျော်ထွက်ရှိရေးအတွက် ချည်မျှင်ရှည်ဝါစံပြကွက် ၂၄ ဧက စိုက်ပျိုးရန်လျာထားပြီး စက်တင်ဘာလ ပထမပတ်မှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ တစ်ဧကကို ဝါပိဿာချိန် ၁၀၀၀ ထွက်ရှိရေး ချည်မျှင်ရှည်ဝါစံပြကွက် ၂၄ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ အခုလက်ရှိ ရာနှုန်းပြည့်စိုက်ပြီးပြီ။ လိုအပ်တဲ့နည်းပညာပိုင်းဆိုင်ရာတွေကို စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးပေးပါတယ်။ အချိန်မီဝါ စိုက်ပျိုးနိုင်အောင်လဲ ဆောင်ရွက်ပေးပါတယ်။ အထွက်နှုန်းတိုးဖို့အတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်တွေကို တောင်သူတွေသိရှိဖို့လဲ ဆောင်ရွက်နေပါတယ်"ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ဝါပိဿာချိန် ၁၀၀၀ ကျော်ထွက်ရှိရေးအတွက် ဒေသနှင့်ကိုက်ညီသည့် ရွှေတောင်(၁၀)၊ ရွှေတောင်(၈) ဝါမျိုးများ စိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးချိန်အမီ တောင်သူများ လက်ဝယ်အရောက် ပံ့ပိုးပေးခဲ့ပြီး လိုအပ်သည့်စိုက်ပျိုးရေးသွင်းအားစုများလည်း ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဝါစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးစေ့များ ပံ့ပိုးပေးခြင်း၊ ချည်မျှင်ရှည်ဝါ စုပေါင်းစိုက်ပျိုးနိုင်ရန် ကွင်းသရုပ်ပြသခြင်း၊ စိုက်နည်းစနစ်မှန်ကန်စေခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပေးသည့်အပြင် တစ်ဧကလျှင် ဝါပိဿာချိန် ၁၀၀၀ ကျော်ထွက်ရှိရေးအတွက် ဝါသီးနှံအထွက်တိုးရေး၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေး ဖော်စပ်အသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



# ဆိပ်ဖြူမြို့နယ် ဂွေးပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ဆိပ်ဖြူ အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆိပ်ဖြူမြို့နယ် ဂွေးပင်ကျေးရွာအုပ်စု ဂွေးပင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် အိမ်တိုင်ရာရောက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများသည် ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဂွေးပင်ကျေးရွာအုပ်စု ဂွေးပင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် အိမ်တိုင်ရာရောက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မြေပြင်အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းအောင်က ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် ကျေးရွာမှ တာဝန်ရှိသူများကို ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂွေးပင်ကျေးရွာ၌ လာမည့်ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို အိမ်တိုင်ရာရောက်ရရှိနိုင်ရန်အတွက် ဆိုလာစနစ်ဖြင့် ကျေးရွာရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အဆင်ပြေလွယ်ကူလာစေရန် မြေပြင်အခြေအနေများကို လုပ်ငန်းများမစတင်မီ ကြိုတင်ကွင်းဆင်းစစ်ဆေး တိုင်းတာခြင်းဖြစ်ကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

နွဲ့ယဥ်

## လမ်းပြပမာ အာစရိယဆရာ

- တစ်ပြားမရှိ တပည့်ဖူလုံ
  မချန်သိပ္ပ သင်ပြအကုန်
  ပညာအဆင်း ထိန်လင်းနေပုံ
  အနန္တ ကြီးလှမြတ်သူ့ဂုဏ်။

- သူ့ရဲ့မနော သဘောဖြူစင်
  စာပေသင်ကြား စိတ်အားစွမ်းအင်
  တပည့်နောင်ရေး မနေးဆောင်ပင်
  သူ့ဘဝ မြတ်လှရှင်သခင်။

- နေ့စဉ်မပြတ် သင်လျက်မချန်
  လို့လနှင့်ဇွဲ အမြဲခက်ထန်
  မမောနိုင်လှ သင်ပြနေဟန်
  ပြဋ္ဌာန်းချက် သိမှတ်ဝတ်ငါးတန်။

- နည်းလမ်းမှန်ရေး ညွှန်ပေးသင်ကာ
  တပည့်အပေါင်း ထောင်သောင်းရှိရာ
  လူ့ပြည်ဘုံနန်း သွင်ဆန်းမြင်သာ
  မနေနား ကြိုးစားဆုံးမရှာ။

- မြေဖြူကိုကိုင် မဏ္ဍိုင်ထူထောင်
  အမှောင်ကိုခွင်း အလင်းပေးဆောင်
  ပမာလမင်း ထိန်လင်းငွေရောင်
  သမိုင်းသစ် ထုဆစ်ဤလူ့ဘောင်။

- တပည့်ဘဝ လှပစေသူ
  ချစ်တပည့်များ မခြားအတူ
  ဘေးရန်ကင်းပ အေးမြစေဟူ
  ဖြာအလင်း လမင်းသဏ္ဌာန်ဟူ။

- ဗုဒ္ဓဘုရား တရားတော်မှာ
  အာစရိယ စံပြလိုရာ
  အနန္တငါး တစ်ပါးဝင်ကာ
  မိန့်မှာချက် ဟောမြွက်ဒေသနာ။

- မြင့်မြတ်လူသား ထင်ရှားမှန်ပေ
  ဆရာ့ကျေးဇူး ဆပ်ဖူးသင့်စေ
  မေတ္တာတရား ကြီးမားပုံတွေ
  နှိုင်းကာတု စံပြုထိုက်သလေ။

ချာန်လေး(ပညာရေး)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## နိုင်ငံတကာ သတင်းများ

# နယ်သာလန်နှင့် သံအဆက်အသွယ်ဖြတ်ကြောင်း နီကာရာဂွါနိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာ

**မနာဂွါ အောက်တိုဘာ ၁**

လက်တင်အမေရိက နိုင်ငံတစ်နိုင်ငံဖြစ်သည့် နီကာရာဂွါနိုင်ငံသည် စက်တင်ဘာ ၃၀ ရက်တွင် နယ်သာလန်နိုင်ငံနှင့် သံတမန်အဆက်အသွယ်ဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နယ်သာလန်၏ ပြည်တွင်းရေးကြားဝင်စွက်ဖက်မှုမူဝါဒနှင့် ကိုလိုနီလက်သစ်ဝါဒတို့ကြောင့် ယင်းနိုင်ငံနှင့် သံတမန်အဆက်အဆံဖြတ်တောက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း နီကာရာဂွါနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

နယ်သာလန်နိုင်ငံသည်ပြည်တွင်းရေးကြားဝင်စွက်ဖက်မှု မူဝါဒ၊ကိုလိုနီလက်သစ်ဝါဒတို့ဖြင့် နီကာရာဂွါနိုင်ငံနှင့်ပြည်သူများကို အကြိမ်ကြိမ်စော်ကားခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဝေဖန်ထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း နီကာရာဂွါတာဝန်ရှိသူများသည် ဥရောပသမဂ္ဂ၏ နီကာရာဂွါနိုင်ငံဆိုင်ရာ သံအမတ်ကြီးကို မလိုလားအပ်သူအဖြစ်ကြေညာခဲ့သည်။

ထို့ပြင် အမေရိကန်အစိုးရ၏ နီကာရာဂွါ သံအမတ်ကြီးသစ်ကို လက်ခံမည်မဟုတ်ကြောင်း နီကာရာဂွါအစိုးရက ပြောကြားထားရာ အမေရိကန်နိုင်ငံနှင့် နီကာရာဂွါသမ္မတ ဒန်နီယယ်အော်တေးဂါတို့ကြား ဆက်ဆံရေးတင်းမာခဲ့ရသည်။

နယ်သာလန်အစိုးရသည် နီကာရာဂွါနိုင်ငံ မနာဂွါမြို့ရှိ သံတမန်ရုံးများကို ၂၀၁၃ ခုနှစ်က ပိတ်သိမ်း၍ ကော်စတာရီကာနိုင်ငံ၌ သံအဖွဲ့အခြေစိုက်၍ လက်တင်အမေရိကဒေသဆိုင်ရာ သံတမန်လုပ်ငန်းများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။ KKO

# ရက်သတ္တပတ်အတွင်း စတုတ္ထအကြိမ်အဖြစ် တာတိုပစ်ဒုံးကျည်များ မြောက်ကိုရီးယားပစ်လွှတ်

**ပြုံယမ်း အောက်တိုဘာ ၁**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် တာတိုပစ်ဒုံးကျည်နှစ်စင်းကို အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်းသို့ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဒုံးကျည်ပစ်လွှတ်မှုများသည် မြောက်ကိုရီးယားနိုင်ငံက ယခုရက်သတ္တပတ်အတွင်း ပြုလုပ်ခဲ့သည့် စတုတ္ထမြောက် ဒုံးကျည်စမ်းသပ်မှုဖြစ်သည်။

ပြုံယမ်းမြို့ဒေသ တစ်နေရာမှ ပစ်လွှတ်လိုက်သည့်အဆိုပါဒုံးကျည်နှစ်စင်းသည် အမြင့် မိုင် ၂၀ မှ မိုင် ၃၀ ထိပျံတက်၍ မိုင် ၂၂၀ နှင့် မိုင် ၂၅၀ အကွာအဝေးများထိ ပျံသန်းခဲ့ကြောင်း အမေရိကန်နိုင်ငံနှင့်တောင်ကိုရီးယားစစ်ဘက်တို့က သတင်းထုတ်ပြန်ထားသည်။

ယင်း ဒုံးကျည်နှစ်စင်းသည် ကိုရီးယားကျွန်းဆွယ်နှင့်ဂျပန်နိုင်ငံကြားရေပြင်များအတွင်း ကျရောက်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား၏ ယနေ့ဒုံးကျည်စမ်းသပ်မှုများကို တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးက ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ယခုရက်သတ္တပတ်အတွင်း ပစ်လွှတ်ခဲ့သည့်ဒုံးကျည်များ တက်ရောက်ခဲ့သည့်အမြင့်နှင့် ပုံမှန်မဟုတ်သောပျံသန်းရာလမ်းကြောင်းတို့ကြောင့် ယင်းဒုံးကျည်များသည် နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သည့်ဒုံးကျည်များ ဖြစ်နိုင်ဖွယ်ရှိသည်ဟု လေ့လာသူအချို့က ယူဆထားကြောင်း သိရသည်။ KKO



# ယူကရိန်းနယ်မြေများသိမ်းသွင်းမှုဆိုင်ရာ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းကို ဗီတိုအာဏာဖြင့် ရုရှားပယ်ချ



**နယူးယောက် အောက်တိုဘာ ၁**

ယူကရိန်းနယ်မြေများအား ရုရှားနှင့်ပေါင်းစည်းမှုကို ရှုတ်ချထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်းကို ရုရှားနိုင်ငံက စက်တင်ဘာ ၃၀ ရက်တွင်ဗီတိုအာဏာဖြင့် ပယ်ချခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မဲခွဲရာတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၀ နိုင်ငံက ထောက်ခံမဲပေးခဲ့သော်လည်း ရုရှားနိုင်ငံက ဗီတိုအာဏာဖြင့် ပယ်ချခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၃၀ ရက် လုံခြုံရေးကောင်စီမဲခွဲပွဲတွင် တရုတ်၊ ဂါဘွန်၊ အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့က ပါဝင်မဲပေးခြင်း မရှိခဲ့ကြောင်း သိရသည်။

ယူကရိန်းနယ်မြေများအား ရုရှားနှင့်ပေါင်းစည်းမှုကို ရှုတ်ချထားသည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်းကို ဗြိတိန်နှင့် အယ်လ်ဘေးနီးယားနိုင်ငံတို့က ပူးတွဲတင်သွင်းခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးကောင်စီမဲခွဲပွဲ၌ ရုရှားအနေဖြင့်ဗီတိုအာဏာသုံး၍ ပယ်ချနိုင်ခဲ့သည့်တိုင် ယင်းဆုံးဖြတ်ချက်မူကြမ်းကို အဖွဲ့ဝင် ၁၉၃ နိုင်ငံပါ အထွေထွေညီလာခံသို့ ဆက်လက်တင်သွင်းမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး သောမတ်စ်ဂရင်းဖီးလ်က ပြောကြားခဲ့သည်။

ရုရှားနှင့် ပေါင်းစည်းရေးလူထုဆန္ဒခံယူပွဲများ ကျင်းပထားသော ယူကရိန်းနယ်မြေလေးခုကို ရုရှားနှင့် ပေါင်းစည်းလိုက်ပြီဖြစ်ကြောင်း ရုရှားသမ္မတ ပူတင်က စက်တင်ဘာ ၃၀ ရက်တွင် တရားဝင်ကြေညာခဲ့ကြောင်း သိရသည်။ KKO

# တတိယမြောက်ပြည်တွင်းဖြစ် မြန်နှုန်းမြင့်ရထား အိန္ဒိယနိုင်ငံ စတင်ပြေးဆွဲ

**ဒေလီ အောက်တိုဘာ ၁**



အိန္ဒိယပြည်တွင်းထုတ် မြန်နှုန်းမြင့်ရထား ဂူဂျာရက်ပြည်နယ်၌ စတင်ပြေးဆွဲမှု အခမ်းအနားကို အိန္ဒိယဝန်ကြီးချုပ် မိုဒီကိုယ်တိုင်တက်ရောက်ခဲ့သည်ဟု ရိုက်တာသတင်းဌာနက စက်တင်ဘာ ၃၀ ရက်တွင် ဖော်ပြခဲ့သည်။

ဗင်ဒီအိတ်စပရက်စ်ဟူ၍ အမည်ပေးထားသည့် အဆိုပါမြန်နှုန်းမြင့်ရထားသည် အိန္ဒိယပြည်တွင်း၌ တည်ဆောက်သည့် တတိယမြောက်မြန်နှုန်းမြင့်ရထားဖြစ်သည်။

လူစီးတွဲ ၁၆ တွဲ ပါဝင်သည့် ဗင်ဒီအိတ်စပရက်စ် မြန်နှုန်းမြင့်ရထားများသည် လေကြောင်းခရီးစဉ်နှင့်နှိုင်းယှဉ်ကြည့်လျှင်ပင် ပို၍ကောင်းမွန်သည့်ခံစားချက်မျိုး ခရီးသွားပြည်သူများကို ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ပြောကြားခဲ့သည်။

ဗင်ဒီအိတ်စပရက်စ် မြန်နှုန်းမြင့်ရထားများသည် တစ်နာရီလျှင် ၉၉ မိုင်နှုန်းဖြင့် မောင်းနှင်နိုင်ပြီး ခရီးသည် ၁၁၂၈ ဦး တင်ဆောင်နိုင်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ရထားလမ်းကွန်ရက် ခေတ်မီရေးစီမံချက်အရ ဗင်ဒီအိတ်စပရက်စ် မြန်နှုန်းမြင့်ရထားများကို တည်ဆောက်နေခြင်းဖြစ်သည်။

ထို့ပြင် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် အိန္ဒိယနိုင်ငံတစ်ဝန်းရှိ စီးပွားရေးမြို့များနှင့် စက်မှုမြို့အားလုံးကို ဗင်ဒီအိတ်စပရက်စ် မြန်နှုန်းမြင့်ရထားများပြေးဆွဲနိုင်ရန် တည်ဆောက်နေခြင်း ဖြစ်ကြောင်း သိရသည်။ KKO

# ဆိုမာလီယာအစိုးရက အယ်လ်ရှာဘတ်စစ်သွေးကြွများကို တူရကီထုတ်ဒရုန်းများဖြင့် စတင်တိုက်ခိုက်

**မိုဂါဒစ်ရှူး အောက်တိုဘာ ၁**

ဆိုမာလီယာ အစိုးရသည် အယ်လ်ရှာဘတ် စစ်သွေးကြွများကိုတိုက်ခိုက်ရာတွင် ယခင်က အမေရိကန်ထုတ်ဒရုန်းများကိုအသုံးပြုခဲ့သော်လည်း ယခုအခါ တူရကီထုတ်ဒရုန်းများကို စတင်သုံးစွဲလာကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပညာသာလွန်ကောင်းမွန်သော တူရကီထုတ် Bayraktar TB2 ဒရုန်းများသည် ဆိုမာလီယာအစိုးရအတွက် အယ်လ်ရှာဘတ်စစ်သွေးကြွများကိုထိုးစစ်ဆင်ရာတွင် စစ်ပွဲလမ်းကြောင်းအတွက် အလွန်အရေးပါကြောင်း ဆိုမာလီယာ စစ်ရေးလေ့လာသူများက သုံးသပ်ထားသည်။

တူရကီကုမ္ပဏီ Baykar မှထုတ်လုပ်သော မောင်းသူမဲ့လေယာဉ်များကို ဆိုမာလီယာဖက်ဒရယ်အစိုးရက ပြီးခဲ့သည့်ရက်သတ္တပတ်တွင် စတင်သုံးစွဲခဲ့ပြီး ဆိုမာလီယာ အလယ်ပိုင်းတွင် စစ်သွေးကြွအုပ်စုများထဲမှတစ်ခုကို ချေမှုန်းရာတွင် သုံးစွဲခဲ့ကြောင်း ဆိုမာလီယာ ပြည်ထဲရေးဝန်ကြီး အာမက်မာလင်ဖီကီက ပြောကြားခဲ့သည်။

စစ်သွေးကြွများကို တိုက်ခိုက်ရာတွင်အမေရိကန်အစိုးရကဦးဆောင်နေပြီး အကြမ်းဖက်အဖွဲ့များကို လေကြောင်းမှ တိုက်ခိုက်ရာတွင် ပံ့ပိုးပေးနေသည်ကို ကျေးဇူးတင်ကြောင်းနှင့်ယခုအခါတူရကီအစိုးရကလည်း ထိုးစစ်မှာပါဝင်ခဲ့ပြီး လေကြောင်းဆိုင်ရာ အထောက်အပံ့များကို ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆိုမာလီယာနိုင်ငံသည်လွန်ခဲ့သည့် ဆယ်စုနှစ်များကပင် တူရကီနှင့် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို နက်နက်ရှိုင်းရှိုင်းဆောင်ရွက်ခဲ့ပြီး ယခုပူးပေါင်းဆောင်ရွက်မှုအသစ်သည် ဆိုမာလီယာအစိုးရ၏ အယ်လ်ရှာဘတ်နှိမ်နင်းရေး စစ်ပွဲတွင်ပိုမိုအရေးပါလာကြောင်းလေ့လာသူများ၏ သုံးသပ်ချက်အရ သိရသည်။ AZH

# SCIENCE AND TECHNOLOGY

## လွန်ခဲ့သောနှစ် ၆၆ သန်းက လကမ္ဘာပေါ် ဂြိုဟ်သိမ်များကျရောက်ခဲ့ချိန်က ကမ္ဘာပေါ်သို့ အရွယ်အစားကြီးမားသောဂြိုဟ်သိမ်များကျရောက်ခဲ့ချိန်နှင့် တိုက်ဆိုင်နေ




**ကင်ဘာရာ အောက်တိုဘာ ၁**

လွန်ခဲ့သောနှစ် ၆၆ သန်းက လကမ္ဘာပေါ် ဂြိုဟ်သိမ်များ ကျရောက်ခဲ့ချိန်သည် အချိန်ကာလ သဘောအရ ကမ္ဘာပေါ်သို့ အရွယ်အစားကြီးမားသော ဂြိုဟ်သိမ်များ ကျရောက်ခဲ့ချိန်နှင့် တိုက်ဆိုင်နေကြောင်း The Daily Mail သတင်းစာက စက်တင်ဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ဒိုင်နိုဆောများမျိုးသုဉ်းခဲ့ရသည့် ဂြိုဟ်သိမ်ကျရောက်မှုအပါအဝင် ကမ္ဘာပေါ်၌ဖြစ်ပွားခဲ့သော ဂြိုဟ်သိမ်ကျရောက်မှုကြီးများနှင့်အတူ အငယ်စားဂြိုဟ်သိမ်ကျရောက်မှုများပါ တစ်ပါတည်း ပေါ်ပေါက်ခဲ့ဖွယ်ရှိသည်ဟု ဩစတြေးလျနိုင်ငံ ကာတင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဩစတြေးလျသိပ္ပံပညာရှင်များသည် တရုတ်နိုင်ငံ၏ ချန်အာ-၅ လဆင်းယာဉ်က ရယူပေးခဲ့သည့် လကမ္ဘာ ကျောက်ဖန်လုံးစေ့များကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ လကမ္ဘာ ကျောက်ဖန်လုံးစေ့များ၏ သက်တမ်းသည် ဒိုင်နိုဆောများ မျိုးသုဉ်းခဲ့ရသော ဂြိုဟ်သိမ်ကျရောက်မှုအပါအဝင် အဓိကဂြိုဟ်သိမ်ကျရောက်မှုဖြစ်စဉ်များ၏ သက်တမ်းနှင့်တူညီနေသည်ဟု ဩစတြေးလျသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

သို့ဖြစ်ရာ လွန်ခဲ့သောနှစ်သန်းပေါင်းများစွာက အကြီးစားဂြိုဟ်သိမ်ကြီးများနှင့်အတူ အငယ်စားဂြိုဟ်သိမ်များပါ ကမ္ဘာပေါ်နှင့်လပေါ်သို့ ကျရောက်ခဲ့ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

KKO

## DART အာကာသယာဉ်နှင့်ဒီမောဖော့စ်ဂြိုဟ်သိမ် ဝင်တိုက်ခဲ့ချိန်ကို အီတလီကျူူဆက်ဂြိုဟ်တုငယ်တစ်စင်းက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ရောမ အောက်တိုဘာ ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ DART အာကာသယာဉ်နှင့် ဒီမောဖော့စ်ဂြိုဟ်သိမ်တို့ ဝင်တိုက်ခဲ့ချိန်ကို LICIACUBE အမည်ရှိ အီတလီကျူဆက်ဂြိုဟ်တုငယ် တစ်စင်းက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက စက်တင်ဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

LICIACUBE ဂြိုဟ်တုငယ် ရိုက်ကူးပေးထားသော DART အာကာသယာဉ်နှင့် ဒီမောဖော့စ်ဂြိုဟ်သိမ်တို့ ဝင်မတိုက်မီဓာတ်ပုံများနှင့် ဝင်တိုက်ပြီးချိန်ဓာတ်ပုံများကို အီတလီအာကာသအေဂျင်စီက ထုတ်ပြန်ပေးထားသည်။

DART အာကာသယာဉ်သည် နာဆာ၏ ဂြိုဟ်သိမ်အန္တရာယ် ကာကွယ်ရေးစနစ် စမ်းသပ်မှုမစ်ရှင်အရ ဒီမောဖော့စ်ဂြိုဟ်သိမ်ကို စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ဝင်တိုက်ခဲ့သည်။

LICIACUBE ကျူဆက်ဂြိုဟ်တုသည် အလေးချိန် ၃၁ ပေါင်သာရှိပြီး ကင်မရာနှစ်လုံးတပ်ဆင်ထားသော ဂြိုဟ်တုငယ်တစ်စင်းဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ၎င်းဂြိုဟ်တုငယ်က ရိုက်ကူးပေးထားသော DART



အာကာသယာဉ်နှင့် ဒီမောဖော့စ်ဂြိုဟ်သိမ်တို့ ဝင်တိုက်မှုဖြစ်စဉ်ဓာတ်ပုံများသည် ဒီမောဖော့စ်ဂြိုဟ်သိမ်၏ ဖွဲ့စည်းတည်ဆောက်ပုံကိုလေ့လာရာတွင် အကူအညီပေးနိုင်မည်ဖြစ်ကြောင်း အီတလီသိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့သည် DART အာကာသယာဉ်ဖြင့် ဝင်တိုက်၍ ဒီမောဖော့စ်ဂြိုဟ်သိမ်၏ပတ်လမ်းကို ချုံ့ပစ်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

DART အာကာသယာဉ် ဝင်တိုက်မှုကြောင့် ဒီမောဖော့စ်ဂြိုဟ်သိမ်၏ ပတ်လမ်းတစ်ပတ်ကြာချိန် ၁၀ မိနစ်မျှလျော့သွားနိုင်သည်ဟု နာဆာသိပ္ပံပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

KKO

## လွန်ခဲ့သောနှစ်ပေါင်း ၄၃၆ သန်းက ကမ္ဘာ့သမုဒ္ဒရာရေပြင်များအတွင်း ကျက်စားခဲ့ကြသည့် ဆူးတောင်ပါ ကမ္ဘာဦးငါးမန်းများက ရေးအကျဆုံးမေးရိုးရှိ သက်ရှိများဖြစ်နိုင်

**ပေကျင်း အောက်တိုဘာ ၁**

လွန်ခဲ့သောနှစ်ပေါင်း ၄၃၆ သန်းက ကမ္ဘာ့သမုဒ္ဒရာရေပြင်များ အတွင်း ကျက်စားခဲ့ကြသည့် ဆူးတောင်ပါ ကမ္ဘာဦးငါးမန်းများသည် ရှေးအကျဆုံးမေးရိုးရှိ သက်ရှိများ ဖြစ်နိုင်ကြောင်း The Daily Mail သတင်းစာက စက်တင်ဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

တရုတ်သိပ္ပံအကယ်ဒမီမှ သိပ္ပံပညာရှင်များသည် Fanjingshania အမည်ရှိ ကမ္ဘာဦးရေသတ္တဝါ တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းများသည် ယနေ့ခေတ် ငါးမန်းများနှင့် ပုံစံချင်းတူကာ မေးရိုးခွံပါရှိသည့် ကမ္ဘာဦးငါးတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်ကြကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

Fanjingshania ကျောက်ဖြစ်ရုပ်ကြွင်းသည် လူသားတို့၏ရုပ်ခန္ဓာဖွဲ့စည်းပုံကို ကမ္ဘာဦးငါးသတ္တဝါများ၌ သဲလွန်စရှာဖွေရေးအတွက် အထောက်အကူ ပေးနိုင်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် Fanjingshania ကမ္ဘာဦးငါးများသည် ခန္ဓာဗေဒသဘောအရ ရှေးအကျဆုံးမေးရိုးရှိ ရေသတ္တဝါများလည်း ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Fanjingshania ကမ္ဘာဦးငါး ကျောက်ဖြစ်ရုပ်ကြွင်းများကို တရုတ်နိုင်ငံတောင်ပိုင်း ကွေ့ကျိုးပြည်နယ်ရောင်းရှီကျောက်လွှာဒေသ၌ တူးဖော် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## အလေးမခြင်းနှင့်ကိုယ်ကာယလေ့ကျင့်ခြင်းများ တွဲလုပ်ပါက နှလုံးရောဂါများကြောင့်အသက်ဆုံးပါးနိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် အောက်တိုဘာ ၁**

အလေးမခြင်းကို ကိုယ်ကာယအားစိုက် လေ့ကျင့်ခန်းများနှင့် တွဲလုပ်ပေးခြင်းဖြင့် နှလုံးရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေကို သိသိသာသာလျှော့ချပေးနိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၃၀ ရက်က ရေးသား တင်ပြထားသည်။

အလေးမ လေ့ကျင့်ခန်းပြုလုပ်မှု အတိုင်းအဆပေါ် မူတည်၍ သက်ကြီးပိုင်းများအနေဖြင့် နှလုံးရောဂါများကြောင့် သေချိန်မတန်ဘဲ သေရနိုင်ခြေကို ကိုးရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း အမေရိကန်အစိုးရ အမျိုးသားကင်ဆာအင်စတီကျုမှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အလားတူ သက်ကြီးပိုင်းများအနေဖြင့် အထိုက်အလျောက် သို့မဟုတ် ပြင်းထန်စွာအားစိုက်ရသည့် ကိုယ်ကာယလေ့ကျင့်မှုများကို ပုံမှန်ပြုလုပ်ပါက နှလုံးရောဂါများကြောင့် သေဆုံးနိုင်ခြေကို ၂၄ ရာခိုင်နှုန်းမှ ၃၆ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ အလေးမလေ့ကျင့်မှုကို အားစိုက်ရသည့်ကိုယ်ကာယလေ့ကျင့်မှုများနှင့် တွဲလုပ်ပါက နှလုံးရောဂါများကြောင့် သေဆုံးနိုင်ခြေကို အနိမ့်ဆုံးအဆင့်ထိလျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကြွက်သားသန်မာရေး လေ့ကျင့်ခန်းများသည် ကျန်းမာရေးအကျိုးကျေးဇူး အမျိုးမျိုးနှင့်ဆက်စပ်နေကြောင်း၊ သို့ရာတွင် ရုပ်ခန္ဓာတည်ဆောက်မှုစနစ်အပေါ် အလေးမလေ့ကျင့်ခန်း၏ ဇီဝပြောင်းလဲမှုအကျိုးသက်ရောက်မှုများကို လေ့လာနေဆဲဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO

## စမ်းသပ်ဆဲဆေးတစ်မျိုးက အယ်ဇိုင်းမားရောဂါဖြစ်ခါစ လူနာများ၌ ရောဂါအရှိန်တိုးလာမှု လျှော့ချနိုင်ဖွယ်ရှိ

**တိုကျို အောက်တိုဘာ ၁**

ဂျပန်နိုင်ငံအခြေစိုက် Eisai ဆေးဝါးလုပ်ငန်း၏ စမ်းသပ်ဆဲဆေးတစ်မျိုးသည် အယ်ဇိုင်းမားရောဂါဖြစ်ပွားခါစ လူနာများ၌ ရောဂါအရှိန်တိုးလာမှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်း ဝက်ဘ်ဆိုက်က စက်တင်ဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် Lecanem-ab အမည်ရှိ အဆိုပါဆေးကို အဆင့်(၃) လက်တွေ့စမ်းသပ်မှုများ ပြုလုပ်နေကြောင်း သိရသည်။


စမ်းသပ်မှုများမှ ထွက်ပေါ်လာသော ရလဒ်များအရ Lecanem-ab ဆေးသည် အယ်ဇိုင်းမားရောဂါဖြစ်ပွားခါစလူနာများ၌ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုအရှိန်ကို လျှော့ချပေးနိုင်ကြောင်း ဂျပန် သုတေသနပညာရှင်များက ပြောကြားသည်။

အဆင့်(၃) စမ်းသပ်မှုတွင် ဂျပန် သုတေသနပညာရှင်များသည် အယ်ဇိုင်းမားရောဂါ ဖြစ်ပွားခါစလူနာ ၁၈၀၀ ခန့်ကို Lecanemab ကုထုံးဖြင့် ကုသ၍ အခြေအနေကို ၁၈ လကြာ စောင့်ကြည့်ခဲ့သည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့် ရလဒ်များအရ Lecanem-ab ဆေးသည် လူနာများ၏ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှုအညွှန်းကိန်း (CDR-SB) ကို ၂၇ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် အယ်ဇိုင်းမားရောဂါကို ကုသနိုင်သည့် ကုထုံးမျိုးမရှိသေးဘဲ ရောဂါလက္ခဏာများ လျှော့ချနိုင်မည့် ကုထုံးမျိုးသာရှိကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Tel Aviv Watergen Open ဆီမီးဖိုင်နယ်သို့ ဂျိုကိုဗစ် တက်ရောက်

**ဂျေရုဆလင် အောက်တိုဘာ ၁**

အစ္စရေးနိုင်ငံတွင် ကျင်းပနေသည့်Tel Aviv Watergen Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်နှင့် ကနေဒါတင်းနစ်ကစားသမား ပို့စ်ပီစီလ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၇-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Ubitennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ပထမပွဲငယ်၌သာ အနည်းငယ်ခက်ခဲခဲ့ပြီး ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဂျိုကိုဗစ်သည် ပို့စ်ပီစီလ်နှင့် တွေ့ဆုံတိုင်း အနိုင်ရရှိသည့် မှတ်တမ်းကောင်းကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ပို့စ်ပီစီလ်အနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဂျိုကိုဗစ်နှင့် ခြောက်ကြိမ်တိုင်တိုင် ယှဉ်ပြိုင်ကစားခဲ့ဖူးပြီး ထိုခြောက်ကြိမ်တွင် တစ်ကြိမ်တစ်ခါမျှ အနိုင်မရရှိသေးကြောင်း သိရသည်။

ဂျိုကိုဗစ်က "ကျွန်တော့်အတွက် ဝမ်းသာစရာကောင်းတဲ့နိုင်ပွဲတစ်ပွဲဖြစ်ပါတယ်။ ပို့စ်ပီစီလ်ဟာ ကျွန်တော့်ရဲ့ မိတ်ဆွေကောင်းတစ်ယောက်ဖြစ်သလို သူနဲ့ကျွန်တော်ကြား မကြာခဏ ထိပ်တိုက်တွေ့ဆုံမှုတွေရှိခဲ့တယ်။ သူနဲ့ကစားရတိုင်းလဲ အမြဲတမ်းခက်ခဲခဲ့တယ်။ ကိုယ့်ဘက်ကနေ လေးစားမှုအပြည့်ရှိတဲ့၊ ကိုယ်အရမ်းခင်မင်ရတဲ့ မိတ်ဆွေနဲ့ ယှဉ်ပြိုင်ကစားရတဲ့ ပွဲစဉ်တွေဟာ တခြားပွဲစဉ်တွေထက် ပိုပြီးခက်ခဲပါတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ အားနည်းချက်တွေရှိတယ်။ အခုဒီပွဲစဉ်မှာ ကျွန်တော့်အနေနဲ့အခက်အခဲတွေအများကြီးနဲ့ ရင်ဆိုင်ခဲ့ရတယ်။ တစ်ခုရှိတာက ကျွန်တော်တို့နှစ်ယောက်စလုံး ကွင်းပြင်ပမှာသာ အရမ်းခင်မင်တဲ့မိတ်ဆွေတွေဖြစ်ပေမဲ့ ပြိုင်ပွဲအတွင်းရောက်လာရင်တော့ ပရော်ဖက်ရှင်နယ်စိတ်ဓာတ်အပြည့်အဝမွေးနိုင်ခဲ့ကြတယ်။ ဒါကြောင့် ပရော်ဖက်ရှင်နယ်ပီသစွာနဲ့ အနိုင်ရလဒ်အတွက်အကောင်းဆုံးကြိုးစားခဲ့ကြတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဂျိုကိုဗစ်အနေဖြင့် လက်ရှိကမ္ဘာ့အဆင့် (၇) နေရာထိကျဆင်းခဲ့ရသောကြောင့် ကမ္ဘာ့အဆင့်(၁) နေရာကို ပြန်လည်ရယူနိုင်ရေးအတွက် အောင်မြင်မှုများရရှိရန် လိုအပ်နေကြောင်း သိရသည်။

AZL

## စပိန်လာလီဂါ ပွဲစဉ် (၇) ပွဲကြိုသုံးသပ်ချက်

STA

ဗယ်လ်ကာနို Vs အယ်ချီ

**ကစားမည့်ရက်/အချိန် ၄-၁၀-၂၀၂၂ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အယ်ချီ ၂ - ၁ ဗယ်လ်ကာနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဗယ်လ်ကာနို** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** |
| **အယ်ချီ** | – | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |

ဗယ်လ်ကာနိုအသင်းဟာ နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ထားတယ်ဆိုပေမဲ့ အိမ်ကွင်းခြေစွမ်းပိုင်းကောင်းမွန်မှုရှိပါတယ်။ လေးပွဲဆက်ရှုံးပွဲကြုံတွေ့ထားတဲ့ အယ်ချီအသင်းရဲ့ခြေစွမ်းပိုင်းကကျဆင်းနေလို့ အဝေးကွင်းမှာ ရှုန်းကန်ရပါလိမ့်မယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ ဗယ်လ်ကာနိုအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဗယ်လ်ကာနို ၁ – ၀ အယ်ချီ**

## အားကစားသတင်း အတိုအထွာများ

- ယူကရိန်းပဋိပက္ခတွင်ပါဝင်ပတ်သက်ခြင်းမရှိသည့် အားကစားသမားများကို ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ကမ္ဘာ့အိုလံပစ်ကော်မတီဥက္ကဋ္ဌက ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းအနေဖြင့် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ကွင်းလယ်ကစားသမား လိုကာတယ်လီကို ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း ဂျူဗင်တပ်အသင်းက အတည်ပြုပြောကြားခဲ့သည်။ ML

# Castrol Save of The Month ကစားသမားဆုကို အဲဗာတန်အသင်းဂိုးသမား ပစ်ဖို့ဒ် ဆွတ်ခူး




**လန်ဒန် အောက်တိုဘာ ၁**

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က လစဉ်ပေးအပ်သည့်Castrol Save of The Month စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံးဆုကို အဲဗာတန်အသင်း ဂိုးသမား ပစ်ဖို့ဒ်က ဆွတ်ခူးခဲ့ကြောင်း 90 Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂိုးသမားပစ်ဖို့ဒ်သည် စက်တင်ဘာလအတွင်း ကစားခဲ့သည့် အဲဗာတန်နှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် လီဗာပူးတိုက်စစ်မှူး ဆာလာဟ်၏ သွင်းဂိုးနှင့် နူနက်၏ သွင်းဂိုးတို့ကို အကောင်းဆုံးကာကွယ်မှုပြုလုပ်နိုင်ခဲ့သောကြောင့် တစ်လတာအကောင်းဆုံး Castrol Save of The Month ဆုကို ဆွတ်ခူးခဲ့သည်။

၎င်းသည် အဆိုပါဆုအတွက် ပဏာမကစားသမား စာရင်းတွင် လီဗာပူးအသင်းဂိုးသမား အဲလစ်ဆန်၊ ပဲလေ့စ်အသင်းဂိုးသမား ဂွါက်တာ၊ စပါးအသင်းဂိုးသမား လိုရစ်နှင့် လက်စတာအသင်း ဂိုးသမားဒန်နီဝက်ဒ်တို့နှင့် ယှဉ်ပြိုင်ခဲ့ရသော်လည်း ပစ်ဖို့ဒ်က ပွဲတစ်ပွဲတည်းတွင် အကောင်းဆုံးကာကွယ်မှု နှစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် ၎င်းတို့ကို ကျော်ဖြတ်နိုင်ခဲ့သကဲ့သို့ အဲဗာတန်အသင်းအနေဖြင့်လည်း ယခုနှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဒုတိယမြောက် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ပစ်ဖို့ဒ်က "ဂိုးသမားတစ်ယောက်အနေနဲ့ ပြိုင်ပွဲတိုင်း အဓိကလုပ်ဆောင်ရမှာက ဂိုးမပေးရဖို့ကာကွယ်ရတာဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ လီဗာပူးနဲ့ကစားရတဲ့ မာဆေးဆိုက်ဒါဘီမှာ အခုလို အကောင်းဆုံးကာကွယ်မှု ပြုလုပ်နိုင်ခဲ့လို့ အကောင်းဆုံးဆုရယူနိုင်ခဲ့တာပါ။ နောက်ထပ် ပါဝင်ကစားခွင့်ရတဲ့ပွဲစဉ်တွေမှာလဲ အကောင်းဆုံးကာကွယ်မှုတွေ ပြုလုပ်သွားအုံးမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# ကိုလံဘီယာလက်ဝှေ့သမား လူးဝစ်ကွင်းနိုနက်စ် သေဆုံးသွားပြီဖြစ်ကြောင်း မိသားစုဝင်များက အတည်ပြု

**ဘာရန်ကွီလာ အောက်တိုဘာ ၁**

ကိုလံဘီယာ ဝယ်သာဝိတ်တန်းစိန်ခေါ်ပွဲတစ်ပွဲအဖြစ် ကိုလံဘီယာလက်ဝှေ့သမား လူးဝစ်ကွင်းနိုနက်စ်နှင့် အာဂျင်တီးနားလက်ဝှေ့သမား ဂျို့စ်မူနော့ဇ်တို့ စက်တင်ဘာ ၂၅ ရက်က ကိုလံဘီယာနိုင်ငံ ဘာရန်ကွီလာတွင် ထိုးသတ်ခဲ့ရာ ဂျို့စ်မူနော့ဇ်က အလဲထိုးရလဒ်ဖြင့်အနိုင်ရရှိခဲ့သည်။

လူးဝစ်ကွင်းနိုနက်စ်ကို ပွဲအပြီးတွင် ဆေးရုံသို့ အရေးပေါ်အခြေအနေဖြင့် ပို့ဆောင်ပေးခဲ့ပြီးနောက် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာဦးနှောက်ထိခိုက်ခဲ့ကြောင်း သိရသည်။

၎င်းအနေဖြင့် ဦးနှောက်ခွဲစိတ်ကုသမှုပြုလုပ်ခဲ့သော်လည်းစက်တင်ဘာ ၃၀ ရက်က ဆေးရုံ၌သေဆုံးခဲ့ကြောင်းမိသားစုဝင်များကအတည်ပြုခဲ့သည်ဟု CBS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၅ နှစ်ရှိ လူးဝစ်ကွင်းနိုနက်စ်သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ဝင်ရောက်လာခဲ့ပြီးနောက်ပိုင်း ယခုပွဲမတိုင်မီ စိန်ခေါ်ပွဲပေါင်း ၁၀ ပွဲထိ ထိုးသတ်ခဲ့ပြီး ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

ကိုလံဘီယာသမ္မတ ဂတ်စတာဗို က "အိပ်မက်တွေအပြည့်နဲ့ ကြိုးစားနေတဲ့ လူငယ်လေးတစ်ယောက် အခုလိုကြွေလွင့်သွားတာ စိတ်မကောင်းဖြစ်မိပါတယ်။ ကောင်းမွန်တဲ့အနာဂတ်က သူ့ကို ရှေ့မှာစောင့်ကြိုနေတဲ့ အခြေအနေမျိုးမှာ အခုလိုဖြစ်သွားတာ နှမြောမိပါတယ်။ လူးဝစ်ရဲ့ မိသားစုဝင်တွေနဲ့ ထပ်တူဝမ်းနည်းရသလို သူ့မိသားစုတွေလဲ ဘယ်လောက်ထိ ပူဆွေးသောကရောက်နေမလဲဆိုတာ ကိုယ်ချင်းစာမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# နွေရာသီကစားသမားငါးဦး အပြောင်းအရွှေ့အတွက် ယူရို ၁၄၄ သန်း ပေးချေရန် ဘာစီလိုနာအသင်းကျန်ရှိ

**မက်ဒရစ် အောက်တိုဘာ ၁**

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့်ကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းကစားသမားအများအပြားခေါ်ယူခဲ့သော်လည်း ကစားသမား အပြောင်းအရွှေ့အတွက် ကလပ်အသင်းများထံ ယူရို ၁၄၄ သန်း ပေးချေရန်ကျန်ရှိနေသည်ဟု မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းဘဏ္ဍာရေးအကျပ်အတည်း ကြုံတွေ့ခဲ့ရသော်လည်း နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ထိပ်တန်းကစားသမားများဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းမှ လီဝမ်ဒေါ စကီး၊ ဆီဗီလာအသင်းမှ ခွန်ဒီ၊ လိဒ်အသင်းမှ ရာဖင်ဟာ၊ အေစီမီလန်အသင်းမှ ကက်ဆီ၊ ချဲလ်ဆီးအသင်းမှ ခရစ်စတန်ဆန်နှင့် အလွန်ဆို၊ အာဆင်နယ်အသင်းမှ ဘယ်လာရင်စသည့် ကစားသမားများကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် လက်ရှိအချိန်ထိ ကစားသမားအများစု ခေါ်ယူထားသော်လည်း အဆိုပါကစားသမားများအပြင် ၂၀၁၈ ခုနှစ်က လီဗာပူးအသင်းမှ ခေါ်ယူထားပြီး လက်ရှိ အေဗီလာအသင်းထံ ရောင်းချခဲ့သည့် ကော်တင်ဟိုအတွက်ပင် လီဗာပူးအသင်းထံ ယူရို ၁၄ သန်း ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းအနေဖြင့်ကစားသမားအများစု ခေါ်ယူထားသော်လည်း ကစားသမားတချို့ကိုအလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ကျန်ကစားသမားများငါးဦးအတွက် သက်ဆိုင်ရာကလပ်အသင်းများထံ ပြောင်းရွှေ့ကြေး ယူရို ၁၄၄ သန်းပေးချေရန် ကျန်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။ STA

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄) တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်



**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာ့လက်ရွေးစင် အသင်း၏ နိုင်ငံတကာခြေစမ်းပွဲစဉ်များကြောင့် ခေတ္တရပ်နားထားရသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ယနေ့တွင် ပြန်လည်ကျင်းပခဲ့ပြီး ယနေ့မွန်းလွဲ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၁၄)အဖြစ် ရတနာပုံအက်ဖ်စီအသင်းနှင့်ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ ပွဲချိန် ၂၅ မိနစ်တွင် ဝါရင့်ကစားသမား သက်နိုင်က ရတနာပုံအက်ဖ်စီ အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက်ပိုင်း ရှမ်းယူနိုက်တက်အသင်းက ပြန်လည်တိုက်စစ်ဆင် ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၂၅ မိနစ်တွင် ဇင်မင်းထွန်းက ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံး ပိုမိုတိုက်စစ်မြှင့် ဖိအားပေးကစားခဲ့မှုများကြောင့် အကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံးဂိုးသွင်းခွင့်များ ရရှိခဲ့ကြသော်လည်း အခွင့်အရေးများကို အသုံးချနိုင်ခြင်းမရှိသည့်အတွက် ပွဲစဉ်အပြီးထိနှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ တစ်ဂိုးစီသရေရလဒ်ဖြင့်သာပြီးဆုံးခဲ့ကြောင်း သိရသည်။ STA

# ကိုလိုကိုလိုအသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပွဲကြည့်စင်ပြိုကျ ပရိသတ်အများအပြား ဒဏ်ရာရရှိ

**ဆန်တီယာဂို အောက်တိုဘာ ၁**

ချီလီထိပ်တန်းကလပ် ကိုလိုကိုလိုအသင်းသည် လေ့ကျင့်ရေးအစီအစဉ်ပြုလုပ်နေချိန်တွင်ပွဲကြည့်စင်အမိုးပြိုကျမှုဖြစ်ပွားခဲ့ရာ ပရိသတ်အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုလိုကိုလိုအသင်းသည်စက်တင်ဘာ ၃၀ ရက်က လေ့ကျင့်ရေးအစီအစဉ်ပြုလုပ်နေချိန်တွင်ပွဲကြည့်စင်မှပရိသတ်များအနေဖြင့် ပွဲကြည့်စင်ပေါ်မှ ခုန်ပေါက်အားပေးခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ အပေါ် တွယ်တက်ခြင်းများ ပြုလုပ်ခဲ့ရာ ပွဲကြည့်စင်အမိုး ပြိုကျမှုဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်းကိုလိုကိုလိုအသင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါအသင်း တာဝန်ရှိသူများက "အသင်းအနေနဲ့ လေ့ကျင့်ခန်းပြုလုပ်နေချိန်မှာ ပရိသတ်အများစုက လေးစားမှုမရှိဘဲ အုပ်စုလိုက်ခုန်ပေါက် အောင်ပွဲခံတဲ့သဘောမျိုး ပြုလုပ်နေတဲ့အပြင် ကြော်ငြာဆိုင်းဘုတ်ပေါ် တွယ်တက်တာမျိုးတွေလုပ်ခဲ့တာကြောင့် ပွဲကြည့်စင်အမိုးပြိုကျသွားခဲ့တာပါ။လာရောက်အားပေးတဲ့ ပရိသတ်အများအပြားဒဏ်ရာရရှိခဲ့တာကြောင့် ဆေးရုံကိုပို့ဆောင်ခဲ့ရပါတယ်။ ပရိသတ်ဘယ်လောက် ဒဏ်ရာရသွားသလဲဆိုတာတော့အတိအကျမသိရသေးပါဘူး။ အသင်းအာဏာပိုင်တွေအနေနဲ့ အခုလိုဖြစ်စဉ်မျိုးထပ်မံမဖြစ်ပွားအောင် ပရိသတ်တွေအတွက် လုံခြုံမှုရှိအောင် ဆက်လက်လုပ်ဆောင်နေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# ဒူးဒဏ်ရာကြောင့် ကွင်းလယ်ကစားသမား ကာမာရာ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့်လွဲချော်မည်

**လန်ဒန် အောက်တိုဘာ ၁**

အေဗီလာ ကွင်းလယ်ကစားသမား ကာမာရာသည် ပြီးခဲ့သည့် စက်တင်ဘာ ၁၆ ရက်က ကစားခဲ့သည့် ဆောက်သမ်တန်အသင်းနှင့် ပွဲစဉ်တွင် ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် ပြင်သစ်အသင်းနှင့်ကစားရမည့်နေးရှင်းလိဂ်ပြိုင်ပွဲကိုလွဲချော်ခဲ့သည့်အပြင် လာမည့် ကမ္ဘာ့ဖလားပြိုင်ပွဲကိုပါ ထပ်မံလွဲချော်မည်ဟု နည်းပြဂျာရတ်က ပြောကြားခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ ကာမာရာသည် ပြင်သစ်အသင်းနှင့် ကစားရမည့်နေးရှင်းလိဂ်ပြိုင်ပွဲတွင် ရွေးချယ်ခံရသော်လည်း ဆောက်သမ်တန်အသင်းနှင့်ပွဲစဉ်၌ ရရှိခဲ့သည့် ဒူးအရွတ် စုတ်ပြဲဒဏ်ရာကြောင့် အသင်းလူစာရင်းမှ ချန်လှပ်ခံခဲ့ရပြီး ယခုအခါ ဒဏ်ရာသက်သာလာခြင်းမရှိသဖြင့် အေဗီလာအသင်းနည်းပြ ဂျာရတ်က လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲကိုပါ လွဲချော်နိုင်သည်ဟု ပြောကြားခဲ့သည်။

နည်းပြဂျာရတ်က" အသင်းရဲ့ကစားသမား ကာမာရာကတော့ ဒူးအရွတ်ဒဏ်ရာက သက်သာခြင်းမရှိသေးတာကြောင့် လာမယ့် လိဒ်အသင်းနှင့်ပွဲစဉ်ကို ပါဝင်နိုင်မှာမဟုတ်ပါဘူး။ ကံမကောင်းစွာနဲ့ သူ့ဒဏ်ရာအခြေအနေက အသင်းနဲ့လေ့ကျင့်ခန်းပြုလုပ်ဖို့ တိုးတက်မှုမရှိသေးတာကြောင့် ပြင်သစ်အသင်းနဲ့ကစားရမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲကိုပါလွဲချော်မှာပါ"ဟု လိဒ်အသင်းနှင့်မကစားမီ ပွဲကြိုသတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။ ML



# အက်ဖ်အေက အဲဗာတန်အသင်းကို စတာလင်ပေါင် ၃၀၀၀၀၀ ပြစ်ဒဏ်ချမှတ်

**လန်ဒန် အောက်တိုဘာ ၁**

ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အဲဗာတန်အသင်းနှင့် ပဲလေ့စ်အသင်းတို့ ပွဲစဉ်အပြီးတွင် အဲဗာတန်အသင်း ပရိသတ်များက ကွင်းအတွင်းဝင်ရောက်၍ မီးရှူးမီးပန်းပစ်ဖောက်ခြင်းနှင့် ရန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့သောကြောင့် အက်ဖ်အေက အဲဗာတန်အသင်းကို စွဲချက်တင်ခဲ့ပြီး စတာလင်ပေါင် ၃၀၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အဲဗာတန်အသင်းက ပဲလေ့စ်အသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အဲဗာတန်အသင်းသည် ပရီးမီးယားလိဂ်တွင် ဆက်လက်ကစားရမည့် အခွင့်အရေးကို ပိုင်ဆိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ပရိသတ်များက ကွင်းအတွင်းကျူးကျော်ဝင်ရောက်၍ မီးရှူးမီးပန်း ပစ်ပေါက်အောင်ပွဲခံမှုနှင့် ပဲလေ့စ်အသင်း နည်းပြ ဗီအဲရာနှင့် အဲဗာတန် ပရိသတ်တစ်ဦး မတော်တဆ တွန်းတိုက်မိသည့်ဖြစ်စဉ်တို့ကြောင့် အဲဗာတန်အသင်းကို အက်ဖ်အေက စွဲချက်တင်ခဲ့ပြီး ယနေ့တွင် စတာလင်ပေါင် ၃၀၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အက်ဖ်အေက "အဲဗာတန်အသင်းပရိသတ်တွေအနေနဲ့ ကွင်းလုံးပြည့်ဝင်ရောက်ခဲ့သလို မီးရှူးမီးပန်းတွေပစ်ဖောက်ပြီး အကြမ်းဖက်တဲ့ ပုံစံမျိုးတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့ပြင် နည်းပြဗီအဲရာနဲ့ အဲဗာတန်အသင်း ပရိသတ်တစ်ဦး ခိုက်ရန်ဖြစ်ပွားခဲ့ပြီး အဲ့ဒီဖြစ်စဉ်မှာ ပါဝင်ခဲ့ပါတယ်။ဒါကြောင့် အဖွဲ့ချုပ်အနေနဲ့ အခုလိုအပြုအမူကိုရှုတ်ချပြီး အဲဗာတန်အသင်းကို စွဲချက်တင်ခဲ့တာပါ။ လက်ရှိမှာ ပရိသတ်တွေကိုထိန်းသိမ်းဖို့ အားနည်းခဲ့တဲ့ အဲဗာတန်အသင်းကို စတာလင်ပေါင် သုံးသိန်း ပြစ်ဒဏ်ချမှတ်ခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML



# ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ဘင်ဇီးမား ထိပ်ဆုံးမှရပ်တည်နေ

**မက်ဒရစ် အောက်တိုဘာ ၁**

၂၀၂၂ကမ္ဘာ့အကောင်းဆုံးကစားသမားဆု (Ballon d'Or)အတွက် ရမှတ်များ ပေါက်ကြားမှုဖြစ်ပွားခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းမှ ဘင်ဇီးမားက ရမှတ်အသာစီးဖြင့် ထိပ်ဆုံး၌ရပ်တည်ခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၁ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(Ballon d'Or) ချီးမြှင့်ပွဲမတိုင်မီတွင်လည်း ရမှတ်များ အွန်လိုင်းတွင်ပေါက်ကြားမှုဖြစ်ပွားခဲ့ပြီး ပီအက်စ်ဂျီအသင်းမှ မက်ဆီက ထိပ်ဆုံးတွင်ရပ်တည်ခဲ့ကာ နောက်ဆုံးဆုပေးပွဲ အခမ်းအနားတွင်လည်း မက်ဆီကပင် ဆွတ်ခူးခဲ့သည်။

ထို့အတူ ယခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု (Ballon d'Or)ပေးအပ်ပွဲ အခမ်းအနားတွင်လည်း ရမှတ်များအွန်လိုင်းတွင်ပေါက်ကြားလာခဲ့ပြီးဘင်ဇီးမားက လက်ရှိတွင် ရမှတ် ၅၂၁ မှတ်ဖြင့် ထိပ်ဆုံးတွင်ရပ်တည်လျက်ရှိနေပြီး ရမှတ်အများဆုံးကစားသမား ၁၀ ဦးစာရင်းတွင် ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းမှ ကစားသမား လေးဦးထိပါဝင်လာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဘင်ဇီးမား၏နောက်တွင် ဘိုင်ယန်မြူးနစ်အသင်း ကစားသမား မာနေးက ၂၉၈ မှတ်ဖြင့် အဆင့်(၂)၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီးယက်စ်က ရမှတ် ၁၉၀ ဖြင့် အဆင့် (၃)၊ လီဗာပူးအသင်းမှ ဆာလာဟ်က အဆင့်(၄)၊ ဘာစီလိုနာအသင်းမှ လီဝမ်ဒေါစကီးက အဆင့်(၅)၊ ပီအက်စ်ဂျီအသင်းမှ အမ်ဘက်ပီက အဆင့်(၆)၊ မန်စီးတီးအသင်းမှ ဒီဘရိုင်းက အဆင့် (၇)၊ ရီးရဲလ်မက်ဒရစ်အသင်းမှ မိုဒရစ်က အဆင့်(၈)၊စပါးအသင်းမှဆွန်ဟောင်မင်က အဆင့်(၉)နှင့် ရီးရဲလ်မက်ဒရစ်အသင်းမှ ကော့တွိုက်က အဆင့်(၁၀)နေရာတွင် အသီးသီး ရပ်တည်ခဲ့ကြကြောင်း သိရသည်။ STA

**ပရီးမီးယားလိဂ် ပွဲစဉ်(၉) ရလဒ်**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၃ | - | ၁ | စပါး |
| ဘွန်းမောက် | ၀ | - | ၀ | ဘရန့်ဖို့ဒ် |
| ပဲလေ့စ် | ၁ | - | ၂ | ချဲလ်ဆီး |
| ဖူလ်ဟမ် | ၁ | - | ၄ | နယူးကာဆယ် |
| လီဗာပူး | ၃ | - | ၃ | ဘရိုက်တန် |

(ဝ၄ဝ)

**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၈) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၂ | - | ၀ | ယူနီယံဘာလင် |
| ကိုလုံး | ၃ | - | ၂ | ဒေါ့မွန် |
| လိုက်ပ်ဇစ် | ၄ | - | ၀ | ဘိုချန် |

**စပိန်လာလီဂါ ပွဲစဉ်(၇) ရလဒ်**

| | | | | |
|---|---|---|---|---|
| ကာဒီဇက် | ၀ | - | ၀ | ဗီလာရီးရဲလ် |
| ဂီတာဖေး | ၂ | - | ၃ | ဗယ်လာဒိုးလစ် |

(ဝ၄ဝ)

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## နိုင်ဂျီးရီးယားရေတပ်က တရုတ် AVIC AR-500B မောင်းသူမဲ့ရဟတ်ယာဉ်များကို လက်ခံရရှိ



နိုင်ဂျီးရီးယားရေတပ်သည် တရုတ်နိုင်ငံ၏ လေကြောင်းစက်မှုလုပ်ငန်းကော်ပိုရေးရှင်း (AVIC) ထံမှ AR-500B ရေတပ်သုံး မောင်းသူမဲ့ရဟတ်ယာဉ် အနည်းဆုံး လေးစင်းကို လက်ခံရရှိခဲ့ကြောင်း Military Africa တွင် ဖော်ပြထားသည်။

AVIC AR-500B နှင့် AR-500C UAV များသည် ရေကြောင်းစောင့်ကြည့်ရေးနှင့် ရှာဖွေဖော်ထုတ်ရေးလုပ်ငန်းများကိုလုပ်ဆောင်ရန် ဒီဇိုင်းထုတ်ထားပြီး ကင်းလှည့်နှင့် ရှာဖွေကယ်ဆယ်ရေးကဲ့သို့သော မစ်ရှင်များအတွက် Corvettes (အမြန်သွားတိုက်ယာဉ်များ)နှင့် ကမ်းရိုးတန်းစောင့် သင်္ဘောများအပါအဝင် သေးငယ်သော သင်္ဘောငယ်များတွင် အသုံးပြုရန် မျှော်လင့်ထားကြောင်း လေ့လာသူများက တွက်ချက်ခန့်မှန်းထားကြသည်။ ရဟတ်ယာဉ်ဒရုန်းသည် စစ်သင်္ဘောများအတွက် အလှမ်းဝေးသော မျက်လုံးများအဖြစ် စွမ်းဆောင်နိုင်ပြီး ဆက်သွယ်ရေးထပ်ဆင့်ထုတ်လွှင့်ခြင်းနှင့် လမ်းညွှန်မှုလုပ်ဆောင်ချက်များကိုလည်း ပံ့ပိုးပေးနိုင်သည်။ ကမ်းရိုးတန်း ကာကွယ်ရေးအတွက်လည်း ဖြန့်ကြက်အသုံးပြုနိုင်မည်ဖြစ်သည်။

AR-500B သည် အများဆုံးလေထဲ ပျံသန်းနိုင်ချိန် လေးနာရီ၊ စစ်ဆင်ရေးအချင်းဝက် ကီလိုမီတာ ၁၀၀ နှင့် အမြင့်မီတာ ၄၀၀၀ ထိ တိုက်ပွဲဝင်လုပ်ဆောင်နိုင်သည်။ ၎င်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၄၀ နှုန်းဖြင့် ပျံသန်းနိုင်ပြီး ကျယ်ပြန့်သော ပင်လယ်ရေမျက်နှာပြင်ဧရိယာကိုစောင့်ကြည့်ခြင်းနှင့် ပစ်မှတ်များကို ဖော်ထုတ်ခြင်းကဲ့သို့ မစ်ရှင်များထမ်းဆောင်နိုင်သည်ဟု ထုတ်လုပ်သူက ပြောကြားခဲ့သည်။

AR-500B သည် လေးလံသော ဆီအင်ဂျင်ကို အသုံးပြုပြီး လောင်စာဆီ၊ တည်ဆောက်ပုံ၊ အီလက်ထရွန်နစ်နှင့်ရဟတ်ယာဉ်စနစ်များတွင် အထူးဒီဇိုင်းများကို အသုံးပြုခဲ့ပြီး သင်္ဘောများပေါ်ရှိသိုလှောင်ရုံ နေရာအကန့်အသတ်၊ လုပ်ငန်းခွင်အခြေအနေများ၊ လေယာဉ်ဆင်းခြင်းနှင့်ပျံတက်ရာတွင် အန္တရာယ်များပြီး ရှုပ်ထွေးသော လျှပ်စစ်သံလိုက် ပတ်ဝန်းကျင်များအပါအဝင် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက်ဖြစ်သည်ဟု AVIC က ပြောကြားခဲ့သည်။

AR-500B မောင်းသူမဲ့ရဟတ်ယာဉ်သည် တရုတ်နိုင်ငံ အရှေ့ပိုင်း Jiangxi ပြည်နယ် Poyang ခရိုင်ရှိ စမ်းသပ်ပျံသန်းမှုအဆောက်အအုံတွင် ၎င်း၏ပထမဆုံးသော စမ်းသပ်ပျံသန်းမှုကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၇ ရက်တွင် အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း AVIC တရုတ်နိုင်ငံရဟတ်ယာဉ် သုတေသနတိုးတက်ဖွံ့ဖြိုးရေးအင်စတီကျု (China Helicopter Research and Development Institute) က ထုတ်ပြန်ခဲ့သည်။

**Nigerian Navy receives Chinese AVIC AR-500B Unmanned Aerial Vehicles ကို ဘာသာပြန်ဆိုပါသည်။**

## Nord Stream ပေါက်ကွဲမှုများက ရုရှားအတွက် ပြဿနာကြီးတစ်ရပ်ဖြစ်ကြောင်း ကရင်မလင်ပြောကြား



သဘာဝဓာတ်ငွေ့ပိုက်လိုင်းများပျက်စီးခြင်းသည် ရုရှားနှင့်ဥရောပ နှစ်ရပ်စလုံးအတွက် ပျက်စီးခြင်းမှလွဲ၍ ဘာမျှဖြစ်လာမည်မဟုတ်ကြောင်း ကရင်မလင်နန်းတော်၏ ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က စက်တင်ဘာ ၂၈ ရက်က ပြောကြားခဲ့သည်။

ယခု သီတင်းပတ်အစောပိုင်းက Nord Stream သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ ပေါက်ကွဲမှုများနောက်ကွယ်တွင် တစ်စုံတစ်ဦးရှိနေသည်ဟူ၍ စွပ်စွဲချက်မှန်သမျှကို မိုက်မဲပြီးအဓိပ္ပာယ်မဲ့သော လုပ်ရပ်အဖြစ် ကရင်မလင်က ရှုတ်ချခဲ့ပြီး ၎င်းဖြစ်ရပ်သည် ရုရှားအတွက် အမှန်တကယ် ပြဿနာများစွာကို ဖန်တီးပေးသည်ဟု ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၈ ရက်က သတင်းထောက်များနှင့် စကားပြောဆိုရာတွင် ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က ပိုက်လိုင်းများပျက်စီးမှုသည် ဥရောပသို့ ဓာတ်ငွေ့ထောက်ပံ့ရေးလမ်းကြောင်းများ ဆုံးရှုံးခဲ့ရသောကြောင့် ရုရှားအတွက် ကြီးမားသော ပြဿနာဖြစ်ခဲ့ကြောင်း ရှင်းပြခဲ့သည်။

Nord Stream 2 ပိုက်လိုင်း၏ လိုင်းနှစ်ခုစလုံးသည် ဓာတ်ငွေ့များပြည့်လျှံနေပြီး ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ဥရောပသို့ပို့ဆောင်ရန် ပြင်ဆင်ထားသည့်အနေအထားဖြစ်ကြောင်း၊ သည်ဓာတ်ငွေ့များက အလွန်ဈေးကြီးပြီး ယခုအားလုံးလေထဲလွင့်သွားပြီဖြစ်ကြောင်း Peskov က ပြောကြားသည်။

Peskov က ရုရှားနှင့် ဥရောပအထူးသဖြင့် ဂျာမနီတို့အနေဖြင့် ပိုက်လိုင်းများပျက်စီးခြင်းမှ မည်သည့်အကျိုးအမြတ်မှ ရရှိခြင်းမရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အခြားတစ်ဖက်တွင်မူ အမေရိကန် LNG ပေးသွင်းသူများသည် ဥရောပတိုက်သို့ ၎င်းတို့၏ပို့ဆောင်မှုများ များပြားလာပြီးနောက် မယုံနိုင်လောက်အောင်အမြတ်အစွန်းများ ရရှိနေကြသည်ဟု Peskov က ထောက်ပြကာ အဆိုပါကုမ္ပဏီများသည် အနာဂတ်တွင် အမြတ်အစွန်းများကို ဆက်လက်ထိန်းသိမ်းထားရန် အလွန်စိတ်ဝင်စားနေကြကြောင်း ပြောကြားခဲ့သည်။

ဖြစ်စဉ်နောက်ကွယ်တွင် သံသယရှိသူကို တရားဝင်အမည်မဖော်လိုသော်လည်း ကရင်မလင်ပြောရေးဆိုခွင့်ရှိသူက အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ သင့်လျော်သော စုံစမ်းစစ်ဆေးမှုမပြုလုပ်မီ တရားဝင် ထုတ်ပြန်ချက်များကိုမပြုလုပ်ရန် အကြံပြုထားသည်။

သို့သော်လည်း Peskov က Nord Stream 2 ကို အဆုံးသတ်မည်ဟု ခြိမ်းခြောက်ခဲ့သည့် ဖေဖော်ဝါရီလအစောပိုင်းက အမေရိကန်သမ္မတ Joe Biden ၏ ပြောကြားချက်များသည် စဉ်းစားစရာဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

**Kremlin says Nord Stream explosions ‘a big problem for Russia’ ကို ဘာသာပြန်ဆိုပါသည်။**

## ပင်တဂွန်စစ်ဌာနချုပ်က ယူကရိန်းစစ်ဘက်ဆိုင်ရာကွပ်ကဲမှုဌာနချုပ်သစ် ဖွဲ့စည်းသွားမည်

ပင်တဂွန်စစ်ဌာနချုပ်သည် ယူကရိန်းစစ်သားများကို လက်နက်တပ်ဆင်ခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း စစ်ဘက်ဆိုင်ရာကွပ်ကဲမှုဌာနချုပ်သစ်တစ်ခုကို ဖွဲ့စည်းတည်ထောင်ရန် လုပ်ဆောင်နေကြောင်း အမေရိကန် တာဝန်ရှိသူများက မီဒီယာအများအပြားသို့ ပြောကြားခဲ့သည်။

အဆိုပါကြိုးပမ်းမှုသည် ယူကရိန်းနိုင်ငံသို့ လက်နက်လွှဲပြောင်းခြင်းအတွက် လက်ရှိလုပ်ငန်းစဉ်ကို ထိထိရောက်ရောက် ပြန်လည်ပြင်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။ အမေရိကန်စစ်ဘက်သည် ယူကရိန်းစစ်ဌာနချုပ်ကို ၎င်း၏ဥရောပဌာနချုပ်တပ်စွဲထားရာ ဂျာမနီနိုင်ငံ Wiesbaden မြို့တွင် အခြေစိုက်မည်ဖြစ်သည်။ New York Times နှင့် CNN တို့၏ စက်တင်ဘာ ၂၉ ရက်က ဖော်ပြထားသော အမည်မဖော်လိုသူအရာရှိများ၏ ပြောကြားချက်အရ အမေရိကန်စစ်ဘက်၏ ဥရောပကွပ်ကဲမှုဌာနချုပ်တွင် ဗိုလ်ချုပ်ကြီး Christopher Cavoli ဦးဆောင်သော ဝန်ထမ်းဦးရေ ၃၀၀ ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

“စစ်ပွဲစတင်ချိန်ကတည်းက တရားဝင်ဖွဲ့စည်းပုံတစ်ခုပေးဖို့ ရည်ရွယ်ထားတဲ့ အပြောင်းအလဲတွေဟာ အီရတ်နဲ့အာဖဂန်နစ္စတန်မှာရှိတဲ့ အမေရိကန်ရဲ့လေ့ကျင့်သင်တန်းပေးမှုနဲ့အကူအညီပေးမှုအပေါ် အကြမ်းဖျင်းအားဖြင့် စံနမူနာပြုထားပါတယ်” ဟု Times သတင်းစာက ဖော်ပြခဲ့သည်။

ကွပ်ကဲမှုဌာနချုပ်သစ်သည် ယူကရိန်းနိုင်ငံအတွက် လက်ရှိလေ့ကျင့်သင်တန်းပေးရေးနှင့် စစ်လက်နက်ပစ္စည်းကိရိယာ တန်ဆာပလာကို အဓိကပြုပြင်ပြောင်းလဲရန် ကြိုးပမ်းနေသော်လည်း Wiesbaden မြို့သည် ယခုအစီအစဉ်တွင် အဓိကကျသော အစိတ်အပိုင်းအဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။ လက်ရှိတွင် ယူကရိန်းတပ်ဖွဲ့ဝင် အများစုသည် အမေရိကန်လက်နက်များနှင့်ပတ်သက်၍ မြို့တွင်း သို့မဟုတ် မြို့အနီးတွင် သင်တန်းများတက်ရောက်လျက်ရှိသည်။

ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ရုရှားက အိမ်နီးချင်းနိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်ပြီးကတည်းက ယူကရိန်းသို့ အမေရိကန်၏ စစ်ရေးအကူအညီကို ဒုတိယဗိုလ်ချုပ်ကြီး Christopher Donahue က ဂျာမနီနှင့် ပိုလန်နိုင်ငံတို့မှနေ၍ စီမံခန့်ခွဲခဲ့သည်။ ပြီးခဲ့သည့်နှစ်က အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုန်းရင်းဆန်ခတ်ဆုတ်ခွာရွှေ့ပြောင်းမှုကိုလည်း ကြီးကြပ်ခဲ့သူဖြစ်သည်။ သို့သော်လည်း Donahue နှင့် သူ၏ရုံးအဖွဲ့သည် လာမည့်လတွင် အိမ်ပြန်ရန်စီစဉ်ထားပြီး လေ့ကျင့်ရေးနှင့် ယူကရိန်းတပ်များကို လက်နက်တပ်ဆင်ရန်အတွက် အထူးပြုကွပ်ကဲမှုဌာနချုပ်တစ်ခု လိုအပ်လာခြင်းဖြစ်သည်။

ကွပ်ကဲမှုဌာနချုပ်သစ်အတွက် အဆိုပြုချက်ကို ဗိုလ်ချုပ် Tod Wolters က ပဋိပက္ခအစောပိုင်းကာလများတွင် စောစီးစွာပေါ်ထွက်ခဲ့ပြီး Cavoli သည် ဇူလိုင်လက EUCOM တွင် တာဝန်ရယူပြီးနောက် ဖြစ်ပေါ်လာသောစိတ်ကူးကို ကောင်းမွန်စွာ ထိန်းကျောင်းနိုင်ခဲ့ကြောင်း Times သတင်းစာက ဖော်ပြခဲ့သည်။

**Pentagon to create ‘Ukraine command’ – media ကို ဘာသာပြန်ဆိုပါသည်။**

**မင်းမျိုး**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing addresses 75th Anniversary Diamond Jubilee Medical Corps Day





Senior General Min Aung Hlaing unveils the signboard of 75th Anniversary Diamond Jubilee Military Medical Corps Day.

**Nay Pyi Taw October 1**

The 75th Anniversary Diamond Jubilee Medical Corps Day was held at Convocation Hall of Defence Services Nursing and Paramedical Academy (DSNPA) in Yangon this morning, attended by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present at the ceremony together with the Senior General were Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, senior military officers from Office of Commander-in-Chief, Union Minister for Health Dr Thet Khaing Win, Yangon Region Chief Minister U Soe Thein, Yangon Command Commander Maj-Gen Nyunt Win Swe, Mayor U Bo Htay and officials, retired senior officers of the medical corps, members of the medical corps, officials of Ministry of Health, and chairmen of Myanmar Medical Council and Myanmar Physicians Association.

Lt-Gen Thet Pon from the Office of Commander-in-Chief (Army), Quartermaster-General Lt-Gen Kyaw Swa Lin and Maj-Gen Nyunt Win Swe formally opened the ceremony. The Senior General unveiled the signboard by pushing the button. Then he posed for documentary photos together with the attendees.



Senior General Min Aung Hlaing poses for documentary photo.

In his address, the Senior General said today is the 75th Anniversary Diamond Jubilee of Defence Services Medical Corps, an institution with fine historical traditions and was established during the independence struggle. It is an honorable day for the corps that has preserved and relayed the fine traditions.

Myanmar which was about to regain independence under the Aung San-Atlee Agreement needed a medical corps in the early pre-independence era. Myanmar established the Directorate of Medical Services on 1 October 1947 and the day has been marked as the Medical Corps Day. From the day of its establishment, the age of the corps reached 75 years today. It is an honourable and significant day.

History stands witness to the brilliant endeavours of the corps throughout the independence struggle and its dutiful services for the country.

Members of the corps proved their dutifulness and courage in many operations and battles of the Tatmadaw including the battle of Insein and Kunmington intrusion. The corps brought about many outstanding and gallant persons like Capt Thura Mon Htaw Thet Nyunt all along the history.

In addition to its battle field duties, the corps is providing healthcare and treatment services to officers, other ranks and families and local people at the military hospitals.

The MH upgrading program covers four hospitals that can conduct kidney transplant surgery, one hospital that can conduct liver transplant surgery, four hospitals that can conduct cardiovascular diagnosis and vascular dilation, two hospitals that can conduct heart surgery, and three hospitals that can cure cancer with radio therapy. Thanks to the upgrading program, Tatmadaw can now provide advanced international-level treatments including heart and brain surgery, stent surgery, pacemaker surgery, kidney transplant surgery, thoracic surgery. The recent first successful liver transplant surgery stands as a historical milestone of the corps.

Due to those undertakings, Tatmadaw now has no unreachable place and it can almost cure any kind of disease in its healthcare services. These developments are the results of the efforts of the members of the corps and the legacy they left behind. They are indeed admirable. The corps has been striving to bring about doctors and nurses for health care services since the nation regain independence. The most obvious achievement is the establishment of the medical bureau and training unit in 1952 to provide training for the members of the corps of the entire Tatmadaw. For many years, it provided training services as the central medical unit and was reestablished as Defence Services Medical School in 2015.



Senior General Min Aung Hlaing views photo showing the activities of Medical Corps.

*See Page 13*



Senior General Min Aung Hlaing addresses 75th Anniversary Diamond Jubilee Military Medical Corps Day.

*From Page 12*

It has striven to produce doctors and nurses throughout the successive eras. It opened first batch of the Nurses Training Wing in 1959 to bring about nurses skilled in medical science and military science and it continued till the 16th batch. It also opened the National Service (Medical Officer). In this way it has been providing human resources through various means and since 1990 it had implemented the different stages till it could open the DSNPA to nurture new generation youths.

Nurturing the younger generation means producing human resources crucial for building standard army. It can also contribute much towards public healthcare services. I strongly believe that medical corps trained by the Defence Services Medical Academy and the Defence Services Nursing and Paramedical Academy will be shouldering thier future duties.

The Tatmadaw medical corps took the forefront in participating in the healthcare of the people including the Tatmadaw members not only on usual occasions but also in times of emergency. Particularly, they worked hard in accord with the motto "Goodwill and loving-kindness mitigate harm and sufferings," for the healthcare and rehabilitation of the people after cyclone Nagis, cyclone Giri, Tatay quake and floods caused heavy rains.

One of their significances is that they worked selfless for the health of the local people wherever they were assigned. As they served at hospitals and medical battalions for the local people, they also sped up giving medical treatment in mobile teams after 2010.

Treatments were provided after 67 military hospitals and battalions and 54 Covid-19 centres. Till 15 September this year, healthcare services were provided for 1,505 monks, 108 nuns, 16,054 civilians and 135 foreigners totalling 17,802. It was also heartening to see some members of medical corps handed over according to the needs of the Ministry of Health and other ministries.

They are trying to uplift thier skills and technologies in cooperation with the international community. As such, they are cooperating with international organizations including ASEAN. They attended International Conference of Military Medical Schools – ICMMS and International Committee of Military Medicine-ICMM to catch up with the paramedical science development of the international community. To strengthen friendship with international medical corps, they had participated in the medical corps skills contests since 2018. Myanmar's medical rally stood fourth among 16 participating countries in the medical corps skills contest of International Army Game held in Russia 2022, bringing honour to the State.

In accord with the motto "Stay fit and healthy to fight", the medical corps must be the corps always staying fit and healthy and capable to fight. They are also responsible for giving perfect or enough healthcare to Tatmadaw members as well as their families. In the diamond jubilee period, 772 secured Tatmadaw golden jubilee medals and 2,603 diamond jubilee medals. Moreover, in the medical crops, 152 members secured national level outstanding awards including Naing Ngan Gonye, Independence Mawgun, Sithu, Zeya Kyawhtin, Wunna Kyawhtin and Theikpa Kyaw Swar titles.



Senior General Min Aung Hlaing inspects the hospital.

Therefore, the commandant, specialists and nurses, as members of the medical corps, are praiseworthy and recognized for thier health-care and treatment for Tatmadaw members and their families in 75 years.

Myanmar Tatmadaw's medical crops has been born together with the Tatmadaw since independence struggles. In the successive periods, they have striven for the country, the people and the Tatmadaw. Over the past 75 years, we have also witnessed that all those members of the medical crops have been able to serve their duties whenever assigned.

It is to make efforts to relay such good traditions to next generation, and I wish the Military Medical Corps more accomplished in carrying out public healthcare services and healthcare services of Tatmadaw men and families and continuing to exist for many years from its Diamond Jubilee Day onwards maintaining the Military Medical Corps that has marked the Diamond Jubilee as a strong, compact and valued military medical corps.

Afterwards, Director of Directorate of Medical Services Maj-Gen Ko Ko Lwin reported on the brief history of the Military Medical Corps, and a documentary video marking the Diamond Jubilee Day of the Military Medical Corps was shown. Then, military medical personnel presented a performance with a song in honour of marking the Diamond Jubilee Day of the Military Medical Corps.



Senior General Min Aung Hlaing visits exhibition marking the Diamond Jubilee Day of Military Medical Corps.

Next, the Director of the Directorate of Medical Services presented a gift marking the Diamond Jubilee Day of the Military Medical Corps to the Senior General.

Later, the Senior General cordially greeted the senior officers retired from Military Medical Corps and took a tour of the exhibition marking the Diamond Jubilee Day of Military Medical Corps.

This morning, the Senior General and party arrived at the ceremony to open a special treatment centre of the newly built 8-story building at No.1 Military Hospital marking the Diamond Jubilee Day of the Military Medical Corps. The Senior General and party were welcomed by officials there. Then, Lt-Gen Thet Pon of Office of the Commander-in-Chief (Army), Quartermaster-General Lt-Gen Kyaw Swa Lin and Commander of Yangon Command Maj-Gen Nyunt Win Swe formally opened the new centre.

Next, the Senior General formally unveiled the signboard of the new centre and had a group record photo taken.

The Commandant of No.1 Military Hospital reported on construction of the 8-story building of a special treatment centre. Regarding the report, the Senior General gave necessary instructions saying it is necessary to systematically use and maintain the new centre for its long-term existence. It is necessary to carry tasks to keep the hospital's campus clean, make its ventilation system good, abandon waste items systematically, make sure that things used for patients will always be good, treat patients with systematically prepared meals, and make arrangements for comfortable accommodations of assigned health workers.

Then, the Senior General and guests were given gifts marking the opening of the centre by the Director of the Directorate of Medical Services. The Senior General and party took a tour of the newly built special treatment centre and visited patients who received an operation for liver transplant on September 27 and 28 hailing the Diamond Jubilee Day of the Military Medical Corps which fell today. The Senior General gave rewards of honour to professors and medical officers of Tatmadaw who performed the liver transplant operation.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects implementation of 26-Mile Multi-purpose Agriculture and Livestock Breeding Zone



Senior General Min Aung Hlaing insects a cow farm.



**Nay Pyi Taw October 1**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint Secretary Lt-Gen Ye Win Oo of the SAC, union ministers U Tin Htut Oo and U Hla Moe, Chief of General Staff (Army, Navy and Air) General Maung Maung Aye, senior officers from the Office of the Commander-in-Chief, Chief Minister U Soe Thein of Yangon Region, Commander of Yangon Command Maj-Gen Nyunt Win Swe, Yangon Mayor U Bo Htay and officials, inspected the implementation of the 26-Mile Multi-purpose Agriculture and Livestock Breeding Zone of Myanmar Economic Corporation near Yangon-Mandalay Expressway.

First, Chairman of Myanmar Economic Corporation Lt-Gen Nyo Saw and Deputy Managing Director U Han Zaw reported to the Senior General on implementation of the 26-Mile Multi-purpose Agriculture and Livestock Breeding Zone and Thilawa Multi-Purpose Agriculture and Livestock Breeding Zone, the breeding of dairy cows, beef cows and local cows, cultivation of grass for cows, Jade Pheegyan banana variety, windbreak Manjansha trees, rubber trees, rubber tapping from adult trees in 2021-2022 tapping season, the breeding of Kaki King ducks and local ducks in Thilawa Multi-purpose Agriculture and Livestock Breeding Zone, the breeding of various fish species, production of feed mixers and pellet making machines, distribution of dairy products, measures taken for distribution of agricultural and livestock breeding products at cheaper prices to families of the Tatmadaw and the public from relevant agriculture and livestock breeding zones in accordance with the instruction of the Commander-in-Chief of Defence Services.

After hearing the report, the Senior General discussed the details of food needs in Yangon Region with the union ministers, the chief minister and the mayor and gave necessary instructions, saying "Agriculture and livestock breeding zones in the region are required to produce and distribute sufficient meat, fish and eggs and vegetables by calculating the daily needs of them based on the population in the region. It is necessary to expand livestock breeding zones in townships outside the area of Yangon City Development Committee and to take prudent measures not to affect the commodity flow from Ayeyarwady and Bago Regions. In addition to the government and the Tatmadaw, private agriculture and livestock breeding farms must be encouraged. Authorities are required to supply electricity, water and animal feeds for agriculture and livestock breeding farms and to take necessary measures to enable the public in Yangon to purchase meat, fish and eggs at cheaper prices and to produce sufficient food for them in the region. The Tatmadaw is fulfilling the needs as much as it can and the government will also take necessary steps to fulfill the needs. Capital investment will be provided for livestock breeding farms and livestock breeding tasks must be carried out scientifically, compactly and systematically to boost production.

It is necessary to generate the required electricity from solar energy. The electricity generated from solar energy can be used for livestock breeding farms as well as for administrative affairs. The breeding of beef cows and local cows must be carried out separately and everything including their feeding systems must be systematic. In addition to cultivation of grass for cows, corn can be grown as the plants can be made into fermented animal feed. As the primary aim of the 26-Mile Multi-purpose Agriculture and Livestock Breeding Zone is to fulfil the rubber needs in the country, attempts must be made to meet the demand of rubber product factories. Rubber trees must be planted as much as possible in areas allocated for rubber plantations. In breeding ducks, they must be bred in batches to supply eggs uninterruptedly by calculating the egg-laying rates and egg-laying time. Comprehensive research must be conducted for further success of duck breeding and measures must be taken to improve local duck breeding.

In conclusion, the Senior General urged all to exert efforts to enable the public to consume products for agriculture and livestock breeding zones at cheaper prices based on the demand of the market.

Then, the Senior General and party inspected the breeding of dairy cows and beef cows, the feed mixing factory, production of dairy products and implementation of agriculture and livestock breeding tasks in the zone and attended to the needs reported by responsible officials. 100



Senior General Min Aung Hlaing inspects agricultural produce from the zone.

# MPF members should strive for becoming public reliable law enforcers while serving duties in line with police disciplines and ethics: Vice-Senior General


Vice-Senior General Soe Win addresses the 58th Anniversary of Myanmar Police Force Day.

**Nay Pyi Taw October 1**

All retired police must be organized as a force of the State, said Vice-Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win at the ceremony to mark the 58th Anniversary of the Myanmar Police Force at the Myanmar International Convention Centre-II in Nay Pyi Taw this morning.

Speaking on the occasion, the Vice-Senior General said the Myanmar Police Force in successive eras has been implementing four objectives: to take security measures and peace and tranquillity of the region, ensure the prevalence of law and order, prevent narcotic drugs and carry out public welfare tasks.

As breaking the existing laws, decreasing and increasing crimes depend on social problems, low standard of education, economic problems and drug problems, existing laws and judicial system are not enough, and all relevant ministries, local and foreign organizations, and all walks of life must join hands with the MPF in respective sectors.

In the globalization era, any single country is difficult to solve transnational crimes but they can be solved through bilateral cooperation among the countries. To do so, Myanmar joined INTERPOL on 1 January 1954 to cooperate with member police forces of countries in exchange for information.

Especially, it is necessary to implement the suppression of terror acts, drug trafficking and trafficking in persons through memoranda of understanding and agreements signed with neighbouring countries and regional countries in line with local laws and rules.

The State Administration Council formed the Central Committee for Drug Abuse Control with 19 members in 2022 and assigned 21 duties.

Being a member of the ASEAN, Myanmar has signed letters of agreement and memoranda of understanding together with the US, Bangladesh, China, India, Korea, Laos, the Philippines, Russia, Thailand and Viet Nam while actively participating in drug control measures with ASEAN countries and neighbouring countries as well as international organizations.

MFP seized drugs worth more than K970 billion (approximately US$606.4306 million) in 2021 and more than K708 billion (approximately US$383.199 million) within six months from 1 January to 10 July 2022. It shows excellent performances and dutiful acts of MPF and drug abuse control bodies.

On 26 June 2022, the 35th International Day against Drug Abuse and Illicit Trafficking ceremony was held in conjunction with the setting fire to incinerate seized drugs worth K1,188 billion (US$642.608 million) took place in Mandalay, Yangon and Taunggyi.

Moreover, MPF has been combating trafficking in persons as a national duty since 1997 in close cooperation with trafficking in person treaty member countries, region and neighbouring countries and international organizations. The SAC enacted a new law on trafficking in persons on 16 June 2022.

The money laundering body needs to take severe action against those who commit money laundering and financing of terrorists and prevention of interference in the administration, economic and social sectors of the State through money laundering and financing of terrorists through the cooperation of government departments and relevant organizations.

To be a capable international standard police force, police members are sent abroad to study training on technologies, foreign languages, and cybercrime cases to have high capacity among police members.

As part of recognizing dutiful performance, the State awarded outstanding police members and promoted their ranks and acknowledged the police members who sacrificed life and limbs for the State.

Myanmar Police Veteran Organization was formed on 22 December 2021 with four objectives. Hence, all retired police must be organized to raise the number of members as a force of the State.

In the time of the SAC, the new Myanmar Police Force Law was enacted on 25 March 2022 for enabling MPF to become the police force which protects the interests of the State and citizens under the law, to be reliable police, discharge duties of local security, the prevalence of law and order and law enforcement, capable police members, have high capacity in cooperation with international police forces and organizations and serve defence and security duties if necessary.

All police members must serve duties from the local police outposts to the region and state levels. MPF members should strive for becoming public reliable law enforcers while serving duties in line with police disciplines and ethics.

The Vice-Senior General then presented honorary gallantry medals to six police members, SAC member Union Minister for Home Affairs Lt-Gen Soe Htut honorary gallantry medals to three members, and four more medals for six family members and four members, respectively.

The Vice-Senior General viewed documentary photos, figurines, machinery, technological equipment, arms, uniforms, communication devices, machines searching for drugs and vehicles used by MPF at the exhibition to mark the 58th Anniversary of MPF.

At the second session of the ceremony, Deputy Minister for Home Affairs Chief of MPF Maj-Gen Zin Min Htet delivered a speech and presented honorary medals and gifts to outstanding police members.

100

# SAC Vice-Chair Dy PM Vice-Senior General Soe Win attends dinner to mark 58th Anniversary of MPF Day

**Nay Pyi Taw October 1**

A dinner in honour of the 58th Anniversary of Myanmar Police Force day took place at the Myanmar International Convention Centre-II in Nay Pyi Taw at 7 pm today, attended by Vice-Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

The Vice-Senior General enjoyed the dinner together with SAC members, the Constitutional Tribunal chairman, the Union Election Commission chairman, Union ministers, Union level officials, senior military officers, deputy ministers, diplomats and other attendees.

At the ceremony, the MPF police band and entertainment branch performed the songs during the dinner.

After the dinner, the Vice-Senior General presented Ks 5 million on behalf of Tatmadaw (Army, Navy and Air) families for the music band and SAC member Union Minister for Home Affairs Lt-Gen Soe Htut and wife a flower basket and cash awards through officials. 100






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) အဆင့်မြင့် ရှစ်ထပ်ဆေးရုံအဆောက်အအုံသစ် အထူးကုသမှုစင်တာဆိုင်းဘုတ်ကို ခေါ်စလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

စာမျက်နှာ ၁၇ မှအဆက်

ဆေးဝန်ထမ်းတပ်ဖွဲ့ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင်တည်တံ့ပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်က ဆေးဝန်ထမ်းတပ်ဖွဲ့သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်း Documentary Videoကို ပြသသည်။ ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့ဂုဏ်ပြုသီချင်းဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက ဖျော်ဖြေတင်ဆက်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံဆေးဝန်ထမ်း ညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသည့် အငြိမ်းစားဆေးဝန်ထမ်းတပ်ဖွဲ့ဝင် အရာရှိကြီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အထိမ်းအမှတ်ပြခန်းအတွင်းလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ်ဖွင့်လှစ်သည့် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အဆင့်မြင့် ရှစ်ထပ်ဆေးရုံအဆောက်အအုံသစ် အထူးကုသမှုစင်တာဖွင့်ပွဲသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အထူးကုသမှုစင်တာ အဆောက်အအုံသစ်ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် တိုင်းမှူးဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အထူးကုသမှုစင်တာဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး အစည်းအဝေးခန်းမတွင် အဆင့်မြင့် ရှစ်ထပ်ဆေးရုံအဆောက်အအုံသစ် အထူးကုသမှုစင်တာတည်ဆောက်ရခြင်းနှင့်ပတ်သက်၍ အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) တပ်မှူးက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဆေးရုံရေရှည်တည်တံ့ကောင်းမွန်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး စနစ်တကျအသုံးပြုရန်နှင့် ထိန်းသိမ်းဆောင်ရွက်ရန် လိုကြောင်း၊ ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် လေဝင်လေထွက်များကောင်းမွန်အောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျစွန့်ပစ်ရန် လိုကြောင်း၊ လူနာများအတွက် အသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများ အမြဲကောင်းမွန်ရေးဆောင်ရွက်ရန်လိုကြောင်း၊ လူနာများကို စနစ်တကျကျွေးမွေးရန်လိုသကဲ့သို့ တာဝန်ကျကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်စားသောက်ရေးကိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက အထူးကုသမှုစင်တာ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အထူးကုသမှုစင်တာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယနေ့တွင်ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တွင် တပ်မတော်၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သည့် လူနာများကိုကြည့်ရှု၍ အဆိုပါအသည်းအစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြသည့် တပ်မတော်မှ ပါရဂူကြီးများနှင့် ဆေးမှူးများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သည့်လူနာကို ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညီစောက ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဘိုဌေးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအနီးရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညီစော၊ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်တို့က (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်နှင့် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တို့ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ နို့စားနွား၊ အသားတိုးနွား၊ ဒေသနွား မွေးမြူထားရှိမှုနှင့် နွားစာမြက်စိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ ကျောက်စိမ်းဖီးကြမ်းငှက်ပျော စိုက်ပျိုးထားရှိမှု၊ အရိပ်ရလေကာပင် မန်ဂျန်ရှား စိုက်ပျိုးထားရှိမှု၊ ရော်ဘာပင်များစိုက်ပျိုးထားရှိမှုနှင့် အရွယ်ရောက်ပြီး ရော်ဘာပင်များကို ၂၀၂၁-၂၀၂၂ အစေးခြစ်ရာသီတွင် စမ်းသပ်အစေးခြစ်ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ကာကီကင်းဘဲ၊ ဒေသဥစားဘဲများ မွေးမြူထားရှိမှု၊ ငါးမျိုးစုံမွေးမြူထားရှိမှု အခြေအနေများ၊ မွေးမြူရေးဇုန်များ၌ အစာစပ်လုပ်ငန်းနှင့် အစာတောင့်စက်များ ထုတ်လုပ်လျက်ရှိမှု၊ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စိုက်ပျိုးမွေးမြူရေးဇုန်များအလိုက် ထုတ်ကုန်ပစ္စည်းများကို တပ်မတော်သား မိသားစုဝင်များနှင့် ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြို့တော်ဝန်တို့နှင့် **ရန်ကုန်တိုင်းဒေသကြီး၏ စားရေးလိုအပ်ချက်များကို အသေးစိတ်မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေနှုန်းထားနှင့် တစ်နေ့လျှင်လိုအပ်မည့်အသား၊ ငါးနှင့် ဥအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်လိုအပ်ချက်ကို တွက်ချက်၍ လိုအပ်ချက်များပြည့်မီစွာ စားသုံးနိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေးဇုန်များမှ ပြည့်ဝစွာထုတ်လုပ်ဖြန့်ဖြူးနိုင်ရမည်ဖြစ်**ကြောင်း၊ မွေးမြူရေးဇုန်များကိုလည်း ရန်ကုန်မြို့တော်စည်ပင်သာယာပြင်ပမြို့နယ်များတွင်ထပ်မံတိုးချဲ့သွားရန်လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးမှ စီးဝင်မှုများနှင့်လည်းမထိခိုက်အောင် ချိန်ဆဆောင်ရွက်ရန်လိုကြောင်း၊ အစိုးရ၊တပ်မတော်တို့အပြင် ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အားပေးရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် လျှပ်စစ်၊ ရေနှင့် မွေးမြူရေးအစာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများကဆောင်ရွက်ပေးရန်လိုကြောင်း၊ **ရန်ကုန်မြို့နေပြည်သူလူထုများ အသား၊ ငါးနှင့် ဥအမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံး နိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း၊ စားသုံးမှုလိုအပ်ချက်ကို ပြည့်မီအောင် ဒေသတွင်းမှထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်မှလည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်း ဆက်လက် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကာ မွေးမြူရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ **မွေးမြူရေးလုပ်ငန်းများကို သိပ္ပံနည်းကျ ကျစ်ကျစ်လျစ်လျစ်စနစ်တကျဖြင့်ဆောင်ရွက်ပြီး ထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြစေလို**ကြောင်း။

လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ဆိုလာစနစ်ဖြင့်ထုတ်ယူနိုင်ရေး ဆောင်ရွက်ရန်လိုပြီး ရရှိလာသည့် လျှပ်စစ်ဓာတ်အားဖြင့်မွေးမြူရေးခြံများအတွက် လျှပ်စစ်ဓာတ်အားပေးစနစ် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သကဲ့သို့ အခြားသောအုပ်ချုပ်မှုလုပ်ငန်းများအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အသားတိုးနွားများနှင့် ဒေသမျိုးရင်းနွားများ မွေးမြူမှုကိုသီးခြားစီဆောင်ရွက်ရန်လိုပြီး အစာကျွေးမွေးမှုမှအစ စနစ်တကျဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နွားစာ မြက်စိုက်ခင်းများအပြင် ပြောင်းကိုလည်း စိုက်ပျိုး၍ရနိုင်ပြီး ပြောင်းပင်များကို ပြောင်းချဉ်ဖတ်ပြုလုပ်၍ တိရစ္ဆာန်အစာအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ (၂၆) မိုင်ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၏ မူလအဓိကရည်ရွယ်ချက်သည် ပြည်တွင်း ရော်ဘာလိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်ရေးဖြစ်သည့်အတွက် ရော်ဘာထုတ် ကုန်စက်ရုံများ၏ လိုအပ်ချက်များ ပြည့်မီစေရေးရည်မှန်းချက်ထား ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဇုန်အတွင်း ရော်ဘာစိုက်ပျိုးရန် သတ်မှတ်ပေးထားသည့် မြေနေရာများ၌ ရော်ဘာကိုသာ အတတ်နိုင်ဆုံး စိုက်ပျိုးရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဲမွေးမြူရေးနှင့် ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့် အချိန်ကာလတို့ကို စနစ်တကျတွက်ချက် ချိန်ညှိ၍ အသုတ်လိုက်မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်ပြတ်မှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘဲမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုအောင်မြင်စေရန်နှင့် ကျယ်ကျယ်ပြန့်ပြန့်သုတေသနပြုဆောင်ရွက်၍ ဒေသမျိုးရင်းဘဲများကိုလည်း ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ **စိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လို**ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်၍ နို့စားနွား၊ အသားတိုးနွား မွေးမြူထားရှိမှု၊ အစာစပ်စက်ရုံနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နေမှုများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁**

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံရုံးသံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား ဂုဏ်ပြုဆုငွေကျပ်သိန်း ၅၀ ကို ပေးအပ်စဉ်။



ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၅၀ ကို ပေးအပ်ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီးက ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

နိုင်ငံတော်
စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့်
ဇနီးတို့က
ဂုဏ်ပြုပန်းခြင်းနှင့်
ဂုဏ်ပြုဆုငွေများ
ပေးအပ်စဉ်။

# ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ ရောက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်ခဲ့သည့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် နေပြည်တော်ရှိ Horizon Lake View Resort မှလည်းကောင်း၊အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ လည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် အသီးသီးပြန်လည်ထွက်ခွာကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့်တိုင်းရင်းသားဘာသာနှင့်မြန်မာဘာသာစာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်၍ လည်းကောင်း၊နိုင်ငံတော်အလံငယ်များကိုင်ဆောင်၍ လည်းကောင်း Horizon Lake View Resort နှင့် နေပြည်တော်လေဆိပ်တို့၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







“ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့်ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်မှ ပြန်လည်ထွက်ခွာကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

☆ ကျောမျက်နှာမှအဆက်

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့ကြသောရဲတပ်ဖွဲ့ဝင်များကို အမှတ်ရဂုဏ်ပြုသောအားဖြင့် တစ်မိနစ်ငြိမ်သက်ကြကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးက ယနေ့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျရောက်သည့် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲမှုများပြုလုပ်လာခဲ့ပြီး ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြည်သူ့ရဲတပ်ဖွဲ့ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့သည့်အပြင် ရဲတပ်ဖွဲ့နေ့အဖြစ်လည်း စတင်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟု ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် **"သစ္စာ၊ သမာဓိ၊ သတ္တိ"** ဟူသည့် ဦးထိပ်ပန်ဆင်ထားသော ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းနိုင်သည့် ရဲတပ်ဖွဲ့ဖြစ်လာစေရန် အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပြောင်းလဲလာအောင် နှစ်အလိုက်အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လာရာ ယခုဆိုလျှင် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ခေတ်အဆက်ဆက်ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဟူသည့် ရည်မှန်းချက်တာဝန်(၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ယနေ့ တည်ဆဲဥပဒေများ၊ ချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများအပါအဝင် အမျိုးမျိုးသော မှုခင်းများကိုကြည့်လျှင် မှုခင်းဖြစ်ပွားမှုများပြားခြင်း၊ လျော့နည်းခြင်းဆိုသည့် အကြောင်းတရားများသည် ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် လူမှုရေးပြဿနာ၊ ပညာရေးနိမ့်ကျမှုပြဿနာ၊ စီးပွားရေးဆိုင်ရာပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် ဆက်နွှယ်နေသည့်အတွက် လက်ရှိကျင့်သုံးနေသော ဥပဒေများနှင့် တရားစီရင်ရေးစနစ်တို့အပေါ်၌သာ မှီခိုအားထားခြင်းတစ်ခုတည်းနှင့် မလုံလောက်တော့ဘဲ ရဲတပ်ဖွဲ့နှင့်အတူ တရားရေးကဏ္ဍမှစ၍ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် လူထုလူတန်းစား အဖွဲ့အစည်းအသီးသီးတို့ကလည်း ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်သည်ကို တွေ့ရကြောင်း။

ထို့ပြင် ကမ္ဘာတစ်ဝန်း၌ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပြဿနာများရင်ဆိုင်နေရပြီး နိုင်ငံဖြတ်ကျော်မှုခင်းများသည် အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုတည်းဖြင့် ဖြေရှင်းနိုင်သည့်ပြဿနာမဟုတ်တော့ဘဲ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရမည့် မှုခင်းပြဿနာမျိုးများ ဖြစ်လာကြောင်း၊ အကြမ်းဖက်မှုအန္တရာယ်သည် နိုင်ငံဖြတ်ကျော်မှုခင်းပုံစံအားလုံးနှင့် ချိတ်ဆက်မှုရှိနေသည့်အတွက် သာမန်မှုခင်းပြဿနာတစ်ခုကဲ့သို့ ရှုထောင့်တစ်ခုတည်းက သုံးသပ်ဖြေရှင်း၍မရတော့ဘဲ ကဏ္ဍပေါင်းစုံမှရှုမြင်သုံးသပ်ပြီး ပြည်တွင်း၊ ပြည်ပ ဆက်စပ်အဖွဲ့များအားလုံးနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ပြဿနာအရင်းအမြစ်ကို ဖော်ထုတ်ဖြေရှင်းရသည့် အခြေအနေများလည်း ဖြစ်လာခဲ့ကြောင်း။

နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး လူသားလုံခြုံရေးအတွက်လည်း ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ Globalization ခေတ်တွင် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့ ပြစ်မှုကျူးလွန်မှုများကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်းဆောင်ရွက်ရန်ခက်ခဲပြီး နိုင်ငံများအကြား အပြန်အလှန်ပေါင်းစပ်ညှိနှိုင်း ချိတ်ဆက်တုံ့ပြန်မှုများနှင့်သာ ဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) ကို ၁၉၅၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မြန်မာနိုင်ငံက စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံပေါင်း ၁၉၅ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ ရဲတပ်ဖွဲ့များအကြား အပြန်အလှန် သတင်းအချက်အလက် ဖလှယ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံဖြတ်ကျော်ဂိုဏ်းအဖွဲ့မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အတည်ပြုခဲ့ပြီး အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့၊ အာဖရိကရဲအဖွဲ့စသည်ဖြင့် ဒေသဆိုင်ရာရဲအဖွဲ့များ ဖွဲ့စည်းခဲ့ကာ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြကြောင်း။

အထူးသဖြင့် အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု၊ လူကုန်ကူးမှုကဲ့သို့သော နိုင်ငံဖြတ်ကျော်မှုခင်းများကို နိုင်ငံတကာနှင့်ချိတ်ဆက်၍ တားဆီးနှိမ်နင်းခြင်း၊ ထိရောက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်နိုင်ရန် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသည့် နားလည်မှုစာချွန်လွှာများ၊ သဘောတူညီချက်များ၊ ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ညှိနှိုင်းအကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းလိုကြောင်း။

ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့် အလေးထားကိုင်တွယ်ဖြေရှင်းနေရသည့် အရေးကြီးပြဿနာတစ်ရပ်မှာ မူးယစ်ဆေးဝါးပြဿနာ ဖြစ်ကြောင်း။ ယနေ့နိုင်ငံတကာတွင် မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းကြရာတွင် နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်ပိုင်ဆိုင်မှု၊ တည်နေရာ၊ ပထဝီမြေအနေအထားတို့အပေါ်အခြေခံပြီး ချဉ်းကပ်မှုပုံစံအမျိုးမျိုးဖြင့် ကြိုးပမ်းထိန်းသိမ်းဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌လည်း မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်ကာလကြာရှည်စွာ ခံစားခဲ့ရခြင်းကြောင့် နိုင်ငံတော်အစိုးရ အဆက်ဆက်သည် မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို အဖွဲ့ဝင် ၁၉ ဦး၊ လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဥပဒေ အခန်း(၄)၊ ပုဒ်မ(၇)အရ ခေတ်စနစ်နှင့် လျော်ညီစွာဖြစ်စေရေးအတွက် လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ကို ကုလသမဂ္ဂမူးယစ်ဆေးဝါးပြဿနာဆိုင်ရာ အထူးအစည်းအဝေး၏ လုပ်ငန်းအကြံပြုချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အောက်တွင် ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့ကိုလည်း ၁၉၉၈ ခုနှစ်မှ စတင်ဖွဲ့စည်းပေးထားပြီးဖြစ်သည့်အတွက် ထိန်းချုပ်ဓာတုပစ္စည်းများကို တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်ရာ လမ်းလွဲသို့ မရောက်ရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (INCB)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၊ အမေရိကန်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ ဩစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့(AFP)၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ONCB)၊ တရုတ်နိုင်ငံအမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC) တို့နှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တာနှင့်အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစည်းအဝေးများဖြစ်သည့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး (AMMD)၊ အာဆီယံမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (ASOD)၊ အာဆီယံမူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှုကွန်ရက်အစည်းအဝေး(ADMN)တို့သို့ ပါဝင်တက်ရောက် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အာဆီယံအဖွဲ့က ချမှတ်ပေးသော ဘေးကင်းလုံခြုံသည့် လူမှုအဖွဲ့အစည်းဖြစ်စေရေး၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံလုပ်ငန်းစီမံချက်(၂၀၁၆-၂၀၂၅) တို့၌လည်း ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်နိုင်ရန် အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့နှင့် နှစ်နိုင်ငံသဘောတူညီချက်များ (LoA)၊ နားလည်မှုစာချွန်လွှာများ (MoU) လက်မှတ်ရေးထိုးထားပြီး ကုလသမဂ္ဂဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းအခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံကြီးအချို့နှင့်လည်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး လုပ်ငန်းများကို အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုများကိုအခြေခံလျက် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များအနက်မှ လုပ်ဆောင်ချက်တစ်ရပ်ကိုလည်း အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသို့ အသိပေးပြောကြားလိုကြောင်း။

ထို့ပြင် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းများ ပြောင်းလဲမှုအပေါ် **စာမျက်နှာ ၂၂ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင်တစ်ဦးကို ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

**စာမျက်နှာ ၂၁ မှအဆက်**

သုံးသပ်၍ ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးနှစ်ကြိမ် ဆောင်ရွက်ခဲ့နိုင်ကြောင်း၊ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများကို ကြည့်မည်ဆိုပါက ၂၀၂၁ ခုနှစ် အတွင်း တန်ဖိုးငွေကျပ် ဘီလီယံ ၉၇၀ ကျော် (အမေရိကန်ဒေါ်လာ ၆၀၆ ဒသမ ၄၃၀၆ သန်း)နှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၁၀ ရက်ထိ ၆ လကျော် ကာလအတွင်း တန်ဖိုးငွေကျပ် ၇၀၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၈၃ ဒသမ ၁၁၉ သန်း)ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောအဖွဲ့များ၏ လုပ်ဆောင်ချက်ကောင်းမွန်မှုနှင့် တာဝန်ကျေပွန်မှုတို့ကြောင့်ဖြစ်ပြီး ရှေ့ဆက်လက်ပေးအပ်သော တာဝန်ဝတ္တရားများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တာဝန်ကို သစ္စာရှိရှိကျေပွန်စွာ ထမ်းဆောင်ကြမည်ဟူသည့် ဝန်ထမ်းကောင်းစိတ်ဓာတ်များဖြင့် ဆက်လက်တာဝန်ထမ်းဆောင်စေလိုကြောင်း။

၂၀၂၂ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် (၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ကြီးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားများကို မန္တလေး၊ ရန်ကုန်နှင့် တောင်ကြီးမြို့တို့တွင် ကျင်းပခဲ့ပြီး တန်ဖိုးငွေကျပ် ၁၁၈၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၆၀၈ သန်း)ခန့် မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ တစ်ဖက်တွင် တရားမဝင်ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအတွက်လည်း ထိရောက်မှုတစ်ခုအဖြစ် တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်မျိုးသားလုံး လူ့စွမ်းအားကို လျော့နည်းစေပြီး နိုင်ငံအတွက် အန္တရာယ်ကြီးမားသည့် အမျိုးမျိုးသောမူးယစ်ဆေးဝါးများကို တားဆီးကာကွယ်ကြရာတွင် ပြည်သူတစ်ရပ်လုံးအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်ကြစေလိုကြောင်း။

လူကုန်ကူးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ၁၉၉၇ ခုနှစ်မှစတင်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်တိုက်ဖျက်လာခဲ့သည်မှာ ယခုဆိုလျှင် ၂၅ နှစ်ရှိခဲ့ပြီဖြစ်ကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်လျက်ရှိသည့် စာချုပ်ဝင်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်မှာ ယနေ့တိုင်ဖြစ်ကြောင်း၊ လူကုန်ကူးမှုများကို အရေးယူနိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပြီး ယခုဆိုလျှင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့်ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးဆိုင်ရာအခြေအနေများ၊ လူကုန်ကူးမှုများရရှိသည့် အလွန်ကြီးမားသောအကျိုးအမြတ်များ၊ ပြောင်းလဲဖြစ်ပေါ်နေသည့် နိုင်ငံတကာ ကူးလူးဆက်ဆံမှုများနှင့် ခေတ်မီတိုးတက်လာသည့် အင်တာနက်အခြေပြု သတင်းအချက်အလက်နည်းပညာများကြောင့် လူကုန်ကူးမှုများ တိုးတက်ဖြစ်ပေါ်နေသည့်အတွက် ထိန်းချုပ်အရေးယူနိုင်ရန် ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေသစ်ကို ပြဋ္ဌာန်းပေးနိုင်ခဲ့ကြောင်း။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေသစ်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အနေဖြင့် လူကုန်ကူးမှုခင်းများ ဖော်ထုတ်ရာတွင် နိုင်ငံတကာစံချိန်စံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိထိရောက်ရောက် ဖော်ထုတ်ဆောင်ရွက်နိုင်ရန်လိုအပ်သကဲ့သို့ လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်မှုအပိုင်းနှင့် လူကုန်ကူးသူများကို အရေးယူ၊ တရားစွဲဆိုအပြစ်ပေးမှုအပိုင်းတွင်လည်း ပိုမိုဖြည့်ဆည်း အရေးယူဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း၊ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ ငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၆) များကို ရည်မှန်းချက်တာဝန်(၄)ရပ်၊ မဟာဗျူဟာ(၃)ရပ်၊ နည်းဗျူဟာ(၄)ရပ်၊ လုပ်ငန်းကဏ္ဍ(၄)ရပ် ရေးဆွဲချမှတ်ပြီး မူဝါဒများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် တရားစွဲတင်၍ ဥပဒေနှင့်အညီ အရေးယူခြင်းစသည့်ကဏ္ဍများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို တိုက်ဖျက်ရန် အစဉ်ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ဆောင်ရွက်ရာတွင် ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၊ တရားစီရင်ရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို ထိရောက်စွာ အရေးယူနိုင်ရန်၊ ဆင့်ပွားပေါ်ပေါက်နိုင်သည့် ပြစ်မှုများကို ကာကွယ်ဟန့်တားရန်နှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့မှတစ်ဆင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများသို့ ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်နိုင်ရေးအတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သော အစိုးရဌာနအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ နိုင်ငံတော်ကလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အောင်မြင်ထိရောက်အောင် အကောင်အထည်ဖော်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ခေတ်ကာလသည် နည်းပညာခေတ်ဖြစ်သည့်အတွက် နည်းပညာနှင့်ပတ်သက်၍ ကောင်းမွန်စွာအသုံးချနိုင်ရန်လိုအပ်ကြောင်း၊ ခေတ်မီဆက်သွယ်ရေးစနစ်များကိုအသုံးပြု၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုခဲ့သည့် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုမရှိတော့သည့် လက်နက်များအစား လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် ခေတ်မီမောင်းပြန်လက်နက်များ၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ လူစုလူဝေးကို လူစုခွဲရာတွင် အသုံးပြုသည့် ခေတ်ကာလနှင့်လျော်ညီသော အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များ၊ ခေတ်မီမောင်းပြန်ရိုင်ဖယ်လက်နက်များ၊ မှုခင်းသုံးခေတ်မီနည်းပညာပစ္စည်းများ၊ DNA ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးစက်ပစ္စည်းများ၊ Mobile X-Ray ယာဉ်များ၊ မော်တော်ယာဉ်၊ ဆိုင်ကယ်များကိုလည်း နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သကဲ့သို့ အဆင့်မြင့်နည်းပညာနှင့်အတတ်ပညာများကိုလည်း နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့မှ ကူညီပံ့ပိုးပေးမှုများရရှိပြီး ယနေ့အဆင့်မြင့်စက်ကိရိယာနည်းပညာများကို အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရိုးထွဋ် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင်တစ်ဦးကို ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စွမ်းရည်ပြည့်ဝခေတ်မီသည့် နိုင်ငံတကာအဆင့်မီရဲတပ်ဖွဲ့ဖြစ်အောင် တပ်ဖွဲ့ဝင်များ အသိပညာ၊ အတတ်ပညာများ တိုးတက်မြင့်မားစေရေး၊ တပ်ဖွဲ့တွင်းလုပ်ငန်းစွမ်းရည်များ တိုးတက်မြင့်မားစေရေး၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ ခေတ်မီစက်ကိရိယာများနှင့် နည်းပညာရပ်များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေး၊ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ဘာသာစကားကျွမ်းကျင်တတ်မြောက်စေရေး၊ ဆိုက်ဘာမှုခင်းများနှင့်ပတ်သက်၍ ကျွမ်းကျင်စွာစုံစမ်းဖော်ထုတ်နိုင်ရေးအတွက် ပြည်ပနိုင်ငံများ၌ ဖွင့်လှစ်သည့်သင်တန်းများသို့ စေလွှတ်တက်ရောက်စေလျက်ရှိကြောင်း။

အဆိုပါသင်တန်းများတွင် လေ့ကျင့်သင်ကြားရရှိခဲ့ကြသည့် အသိပညာ၊ အတတ်ပညာများကို ကိုယ်တိုင်လိုက်နာကျင့်သုံးသကဲ့သို့ ကျန်ညီနောင်တပ်ဖွဲ့ဝင်များကိုပါ အသိပညာ၊ အတတ်ပညာများ ဆင့်ပွားဖြန့်ဝေပေးခြင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်များသည် ယခုထက်ပိုမိုစွမ်းဆောင်လာနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတကာရဲတပ်ဖွဲ့များနှင့် ဆက်ဆံမှုများမှ ၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်မှ ၁၀ ရက်ထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသော ASEAN POLICE MUSIC FESTIVAL တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲလေ့ကျင့်ရေးဌာနကြီး ရဲတီးဝိုင်းအဖွဲ့တက်ရောက်၍ ဗီယက်နမ်၊ ဘရူနိုင်း၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်တို့နှင့်အတူ စုပေါင်းတီးမှုတ်လေ့ကျင့်ခြင်း၊ ဖျော်ဖြေခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အလေးထားအသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ပေးခြင်းဖြင့် တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရင်း အသက်ပေးလှူကိုယ်အင်္ဂါစွန့်လှူသွားခဲ့ကြရသည့် ရဲတပ်ဖွဲ့ဝင်များလည်း ရှိခဲ့သည့်အတွက် ရဲတပ်ဖွဲ့ဝင်များ၏ ဌဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ် ဂုဏ်ယူလေးစား အသိအမှတ်ပြုပါကြောင်း။

နိုင်ငံတော်က အသိအမှတ်ပြု ချီးမြှင့်သည့်အနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ရဲသူရဲတံဆိပ်ရရှိသူ ၆၃ ဦး၊ ရဲဗလတံဆိပ်ရရှိသူ ၄၂၆ ဦး၊ ရဲကျော်စွာတံဆိပ်ရရှိသူ ကိုးဦး၊ ရဲကျော်သူတံဆိပ်ရရှိသူ သုံးဦး၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်)ရရှိသူ တစ်ဦး၊ ရဲမှုထမ်းကောင်းတံဆိပ်ရရှိသူ ၃၄၈ ဦး၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်ရရှိသူ ၁၂၂၃ ဦး၊ မြန်မာနိုင်ငံရဲ ပူးတွဲတိုက်ပွဲဝင်တံဆိပ်ရရှိသူ ၂၄၈၇ ဦး၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ၄၅ ဦး၊ ပြည်သူ့ဝန်ထမ်းတံဆိပ်ရရှိသူ ၅၄ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်ရရှိသူ ၅၂၄၃ ဦး စုစုပေါင်း ၉၉၀၂ ဦးကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ အလားတူ ၂၀၂၂ ခုနှစ် မတ် ၂၇ ရက်(တပ်မတော်နေ့)တွင် ရဲဗလတံဆိပ်ရရှိသူ ၁၂၉ ဦး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်)ရရှိသူ နှစ်ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်) ရရှိသူဦးရေ ၃၀၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်)ရရှိသူ သုံးဦး စုစုပေါင်း ၁၆၄ ဦးတို့ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၁ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း ထူးချွန်ပြောင်မြောက်စွာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ခဲ့သူများ၊ မှုခင်းများ စွမ်းစွမ်းတမံဖော်ထုတ်နိုင်သူများ၊ မူးယစ်ဆေးဝါး

**စာမျက်နှာ ၂၃ သို့**

# ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတို့၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများ ကျင်းပပြုလုပ်



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်စဉ်။




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုအား လုပ်ငန်းစွမ်းရည် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့ကျရောက်သည့် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ရှိ သက်ဆိုင်ရာခန်းမအသီးသီး၌ ပြုလုပ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားကြသည်။

ဆက်လက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ ဂုဏ်ထူးဆောင်ဆုတံဆိပ်ရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip နှင့် ခင်းကျင်းပြသထားသော ပြခန်းများအား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

**စာမျက်နှာ ၂၂ မှအဆက်**

ဖော်ထုတ်ဖမ်းဆီးနိုင်သူများ၊ လုပ်ငန်းတာဝန်ကျေပွန်သူများ၊ သင်တန်းနှင့် အားကစားတွင် ထူးချွန်ဆုရရှိကြသူများကိုလည်း တစ်ဆင့်တိုးရာထူးတိုးမြှင့်ပေးခြင်းနှင့် ရဲချုပ်၏ အမှုထမ်းကောင်းလက်မှတ်နှင့် ဆုများချီးမြှင့်ခြင်းကို တွေ့ရသည့်အတွက် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်လည်း ညီညွတ်သည့်အပြင် အမှုထမ်းကောင်းတံဆိပ်ရပြီး အရာထမ်း၊ အမှုထမ်းများကလည်း ဆက်လက်ကြိုးစား တာဝန်ထမ်းဆောင်ကြရန်လိုအပ်သကဲ့သို့ မရရှိကြသေးသည့် အရာထမ်းအမှုထမ်းများအနေဖြင့်လည်း နိုင်ငံတော်ကချီးမြှင့်မည့် အမှုထမ်းကောင်းတံဆိပ်များ ရရှိရန် ပေးအပ်သောတာဝန်များကို ရိုးသားမှု၊ ကြိုးစားမှုတို့နှင့်အတူ တာဝန်ကို ကျေပွန်အောင် စွမ်းစွမ်းတမံကြိုးစားအားထုတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ရည်ရွယ်ချက်(၄)ရပ်ဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ရဲမှုထမ်းဟောင်း အငြိမ်းစားယူသူအားလုံးကို စုစည်းနိုင်ခဲ့လျှင် နိုင်ငံတော်၏ အင်အားတစ်ရပ်အနေဖြင့် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အဖွဲ့ဝင်များ တိုးတက်ဖွဲ့စည်းနိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ချိန်ကာလအတွင်း အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ တိုက်ခိုက် သတ်ဖြတ်မှုများကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ ထိခိုက်သေဆုံးခဲ့ရမှုများမှ ကင်းဝေးစေရေး၊ နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးရေး လုပ်ငန်းရပ်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေနိုင်မည့် ပြည်သူ့လုံခြုံရေးအဖွဲ့များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်နှင့် ခရိုင်အဆင့် ဖွဲ့စည်းပေးခဲ့ပြီး ဒေသအလိုက်တည်ငြိမ်အေးချမ်းရေးကို ရာနှုန်းပြည့်ရရှိစေသည်ထိ ဆက်လက်စီမံ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် **"မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ"** အသစ်ကို လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ဥပဒေနှင့်အညီ အစဉ်ကာကွယ်စောင့်ရှောက်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊ နိုင်ငံတော်နှင့် ပြည်သူများက ယုံကြည်အားထားရသည့် အရည်အသွေးမြင့်မားပြီး စည်းကမ်းကောင်းမွန်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊ ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်များကို စွမ်းရည်ထက်မြက်စွာ ထမ်းဆောင်နိုင်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊ နိုင်ငံတကာရဲတပ်ဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရဲတပ်ဖွဲ့၏ စွမ်းရည်နှင့် အရည်အသွေးမြင့်မားရေးဆောင်ရွက်ရန် လိုအပ်သည့်အချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၂၂ ခုနှစ် မတ် ၂၅ရက်တွင် **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ** အသစ်ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးသည့်နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဖွဲ့စည်းပုံတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်၊ အထက်မြန်မာပြည်)တို့၌ သင်ကြားရေးဌာနတစ်ခုစီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ ဌာနကြီးတစ်ခု၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၌ စက်တပ်ကိရိယာရှာဖွေရေးတပ်ခွဲတစ်ခွဲနှင့် တပ်စုခြောက်စုအပြင် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရဲကင်း စခန်းတစ်ခုနှင့် နယ်မြေရဲစခန်းတစ်ခုတို့ကို တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့များတွင် ခရိုင်အဆင့် ၄၆ ခုကို ထပ်မံတိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း၊ အသစ်ထပ်မံဖွဲ့စည်းထားသည့် ခရိုင်ရုံးများ အမြန်ဆုံးထိရောက်အောင်မြင်စွာ လုပ်ငန်းလည်ပတ်နိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"** ဟူသည့် မျှော်မှန်းချက်များဖြင့် တည်ဆောက်ရာတွင် ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်မှု၊ ခေတ်မီပစ္စည်းကိရိယာများ၊ လုံခြုံရေးအသုံးအဆောင်များစသည်တို့ကို ခေတ်ကာလနှင့်လျော်ညီအောင် နိုင်ငံတော်က တိုးမြှင့်ဖြည့်ဆည်းပေးမှုများ ဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီအနေဖြင့်လည်း အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စိတ်ဓာတ်ကောင်းမွန်ရေး၊ စွမ်းရည်ပြည့်ဝရေးနှင့် တာဝန်ကျေပွန်ရေးစသည်တို့ကို စဉ်ဆက်မပြတ် ဆက်လက်ခံယူလေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ လေးစားယုံကြည်မှု ပိုမိုရရှိစေရန် ရဲတပ်ဖွဲ့ဝင်များသည် အဂတိတရားကင်းရှင်းကြရမည့်အပြင် တပ်ဖွဲ့ကချမှတ်ထားသည့် ရဲစည်းကမ်းနှင့် ရဲကျင့်ဝတ်များကိုလည်း ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် လိုက်နာစောင့်ထိန်းပြီး လူမှုအဖွဲ့အစည်းတစ်ရပ်လုံးကို ဥပဒေနှင့်အညီ လုံခြုံအောင် ရိုးသားကြိုးစားမှုနှင့် ကိုယ်ချင်းစာတရားလက်ကိုင်ထား၍ အကာအကွယ်ပေးစောင့်ရှောက်သွားကြရန် အထူးမှာကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အရာထမ်း၊ အမှုထမ်းများအားလုံးသည် မိမိတို့၏ လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းကျွမ်းကျင်မှုများနှင့်အတူ ဥပဒေကို ကိုင်တွယ်ကျင့်သုံးရာတွင် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုပြုနိုင်သော နိုင်ငံနှင့်ပြည်သူများက လေးစားဂုဏ်ယူဖွယ် အားကိုးအားထားပြုနိုင်သည့် ဥပဒေဘက်တော်သားရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင် ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုတို့ဖြင့် ပြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ရည်မှန်း၍ နိုင်ငံတော်နှင့်ပြည်သူကို အကျိုးပြုရသည့် မိမိအလုပ်ကို တန်ဖိုးထားဂုဏ်ယူစွာ ကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ နယ်မြေရဲစခန်းအဆင့်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ထိ အဖွဲ့အစည်းအလိုက် နိုင်ငံတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း ရဲစည်းကမ်း၊ ရဲကျင့်ဝတ်များနှင့်အညီ စံပြုပြုမူဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် ပြည်သူလူထုတစ်ရပ်လုံးက လေးစားအားကိုးရလောက်သည့် ဥပဒေဘက်တော်သားများဖြစ်လာစေရန် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် ခြောက်ဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် သုံးဦးနှင့် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် လေးဦးတို့ကိုယ်စား မိသားစုဝင် ခြောက်ဦးကိုလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ရုပ်လုံးရုပ်ကြွများ၊ တပ်ဖွဲ့၊ ဌာနများတွင် အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၊ နည်းပညာဆိုင်ရာပစ္စည်းများ၊ လက်နက်များ၊ ဝတ်စုံများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ မူးယစ်ဆေးဝါးရှာဖွေစစ်ဆေးရေးစက်များနှင့် ယာဉ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က ရဲတပ်ဖွဲ့နေ့မိန့်ခွန်း ပြောကြားပြီး စံပြရဲအဆင့်တိုးဆုရရှိသူ တပ်ဖွဲ့ဝင်ငါးဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆု(အရာရှိ) နှစ်ဦးနှင့် အနုပညာရှင်ကိုယ်စားလှယ် တစ်ဦးကိုလည်းကောင်း၊ ဒုတိယရဲချုပ်များက စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုး တပ်ဖွဲ့ဝင် ရှစ်ဦးနှင့် ရုံးဝန်ထမ်းထူးချွန်ဆုရရှိသူ ခုနစ်ဦးကိုယ်စား တာဝန်ရှိသူတစ်ဦးကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ရဲချုပ်၏ဇနီးနှင့် ဒုတိယရဲချုပ်များ၏ ဇနီးတို့က အမျိုးသမီးစွမ်းဆောင်ရှင်ဆုရရှိသူ တစ်ဦး၊ နေအိမ်လိုင်းခန်းသန့်ရှင်းရေးဆုရရှိသူရှစ်ဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် မော်လိုက်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို သီးခြားစီတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံများနှင့် တွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မော်လိုက်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံများနှင့်တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။ ယင်းနောက် မော်လိုက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက နယ်မြေဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက စားသောက်ဖွယ်ရာများပေးအပ်ခဲ့ပြီး ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကိုဖြည့်စွက်မှာကြားကာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ အောင်ဇေယျခန်းမတွင် မော်လိုက်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားပြီး တပ်နယ်မိသားစုများကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင်ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များသည် နမ့်စန်မြို့ရှိ နယ်မြေခံတပ်ရင်း၏ စိုက်ပျိုးမွေးမြူရေးခြံများအတွင်း နေကြာပင်၊ တစ်သျှူးငှက်ပျော၊ စင်တင်သီးနှံ၊ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ စီးပွားဖြစ် မေထုန်မဲ့ နည်းပညာဖြင့် DYL ဝက်များသားဖောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များရောင်းချခြင်း၊ အသားတိုးအဖြစ် ထုတ်လုပ်ရောင်းချခြင်းများ ဆောင်ရွက်ထားရှိမှု၊ ဥစားကြက်များမွေးမြူထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နမ့်စန်မြို့ နယ်မြေခံတပ်ရင်း၌ DYL ဝက်များ မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# မျက်စိပိတ်နားပိတ် ငြင်းဆိုနေ၍မရ၊ ထိရောက်သော စုံစမ်းစစ်ဆေးမှု ပြုလုပ်ရမည်

**နေပြည်တော် အောက်တိုဘာ ၁**

KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အရပ်ဘက်လေယာဉ်တစ်စင်းအား ရက်စက်ရိုင်းစိုင်းယုတ်မာစွာဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် KNPP အဖွဲ့က ငြင်းဆိုနေမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလိုဖြေကြားထားပါတယ်။

**မေး။** မနေ့က ခရီးသည်တင်လေယာဉ်ကို ပစ်ခတ်ခံရတာနဲ့ပတ်သက်ပြီး KNPP က ငြင်းဆိုနေတာကို တွေ့ရပါတယ်။ ဒီလိုရက်စက်ယုတ်မာတဲ့ လုပ်ရပ်ဟာ ရာဇဝတ်မှုဖြစ်ပြီး ဘယ်နိုင်ငံကမှလည်း လက်ခံနိုင်စရာအကြောင်း မရှိပါဘူး။ ဒီအပေါ်မှာ တပ်မတော်ရဲ့သဘောထားကို သိလိုပါတယ်။

**ဖြေ။** သူတို့ကတော့ အကြမ်းဖက်အဖွဲ့တွေပီပီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိမှာမဟုတ်ပါဘူး။ မနေ့ကလည်း ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ပထမဦးဆုံး အဲ့ဒီဘက်မှာဖြစ်ခဲ့တဲ့ အချို့သော သမိုင်းကြောင်းလေးတွေကို ကြည့်ရင်တောင် သိသာပါတယ်။ ဒီ KNPP နဲ့PDF အကြမ်းဖက်သောင်းကျန်းသူတွေက ယခင်တုန်းက မြို့သိမ်းတိုက်ပွဲဆင်နွှဲမယ်ဆိုပြီး လွိုင်ကော်မြို့ထဲမှာတိုက်ပွဲတွေဖန်တီးခဲ့တဲ့အတွက် ပြည်သူလူထုအမြောက်အမြားလည်း မြို့ပေါ်ကနေ ထွက်ပြေးတိမ်းရှောင်ခဲ့ရတာတွေရှိတယ်။ အခုနောက်ပိုင်းမှာ တပ်မတော်အနေနဲ့ ပြန်လည်တည်ငြိမ်အောင် လုပ်ဆောင်နေလို့ ပြည်သူတွေအနေနဲ့ သူ့အရပ်နဲ့သူ နေနိုင်ခဲ့ပြီးဖြစ်တယ်။ လွိုင်ကော်မြို့ ဘေးပတ်ဝန်းကျင် နေရာတွေ၊ တချို့သောရွာတွေမှာတော့ သူတို့တွေ ဝင်ထွက်သွားလာနေတာတွေရှိတယ်။ ဒါ့ပြင် လွိုင်ကော်လေဆိပ်ကို ယခင်တုန်းကလည်း ၁၀၇ မမ ဒုံးနဲ့ ပစ်ခတ်ခံခဲ့ရတာရှိတယ်။




သူတို့ကိုယ်တိုင်လည်း ထုတ်ပြန်ခဲ့တယ်။ သူတို့ ပစ်ခတ်ခဲ့တယ်ဆိုပြီး ကြေညာချက်ထုတ်ထားတာတွေရှိတယ်။ ခရီးသည်တင်လေယာဉ်ကို ပစ်ခတ်တယ်ဆိုတာ နိုင်ငံတကာမှာ ဘယ်နိုင်ငံကမှ၊ ဘယ်အဖွဲ့အစည်းကမှ လက်မခံတဲ့ကြီးမားတဲ့ ရာဇဝတ်မှုမျိုးဖြစ်တဲ့အတွက် သူတို့အနေနဲ့ ငြင်းဆိုနေတာဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ ပြောလိုတာကတော့ ထိရောက်ပြင်းထန်တဲ့ တုံ့ပြန်မှုတွေ ဆောင်ရွက်သွားမှာဖြစ်တယ်။ ကျွန်တော်တို့ ဒီလိုပြောပြီးတဲ့အခါမှာလည်း သူတို့ကိုယ်သူတို့ ကြီးမားတဲ့ရာဇဝတ်မှုကြီး ကျူးလွန်ထားတယ်ဆိုတာ သိတဲ့အတွက်ကြောင့် ဖုံးကွယ်နေတာဖြစ်တယ်။ ပြောချင်တာကသူတို့အနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမယ်။ စုံစမ်းစစ်ဆေးမှုပြုရမယ်။ စုံစမ်းစစ်ဆေးမှု မပြုဘဲနဲ့ ဒါမျိုးမျက်စိပိတ်နားပိတ်ပြီး ငြင်းဆိုနေလို့မရဘူး။ သူတို့ရဲ့ အောက်ခြေမှာရှိတဲ့ တပ်တွေ၊ သူတို့ထိန်းကွပ်ထားတဲ့၊ သူတို့ အကြမ်းဖက်ပညာသင်ပေးထားတဲ့ PDF ဆိုတဲ့ ကောင်တွေ၊ ဒါတွေလုပ်ခဲ့၊မလုပ်ခဲ့ဆိုတာတွေကို သူတို့အနေနဲ့ စနစ်ကျတဲ့ စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးမှ ပြောလို့ရမယ်။ စနစ်ကျတဲ့စုံစမ်းစစ်ဆေးမှု ပြုလုပ်ဖို့လိုအပ်တယ်။ ကျွန်တော်တို့ သိထားသမျှ၊ ရှိထားသမျှ အချက်အလက်တွေကတော့ ဒီလုပ်ရပ်ကို KNPP နဲ့ PDF ပူးပေါင်း အကြမ်းဖက်အဖွဲ့တွေမှအပ ကျန်တဲ့လူလုပ်စရာအကြောင်းမရှိဘူးလို့ပဲ ကျွန်တော်ပြောချင်ပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမယ်။ စုံစမ်းစစ်ဆေးမှုလုပ်ရမယ်။ မျက်စိပိတ်နားပိတ်ပြီး ငြင်းဆိုနေလို့မရဘူးလို့ ပြောချင်ပါတယ်။

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

၁။ ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ခရီးစဉ်ကိုပြေးဆွဲနေသော မြန်မာအမျိုးသားလေကြောင်းပိုင် လေယာဉ်တစ်စင်း လွိုင်ကော်လေဆိပ်သို့ဆင်းသက်စဉ် အကြမ်းဖက်သူများက အကြောင်းမဲ့ပစ်ခတ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ခရီးသည် ၆၃ဦး လိုက်ပါလာသော လေယာဉ်ကို ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုသည် အလွန်အန္တရာယ်ကြီးမားသော ဖြစ်မှုကြီးဖြစ်ပါသည်။

၃။ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများနှင့် ဒုက္ခရောက်စေရန် ကျူးလွန်မှုများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြစ်တင်ရှုတ်ချကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ




ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပုသိမ်မြို့ စက်တော်ရာ ဘိုးဘွားရိပ်သာရှိ အဘိုး၊အဘွားများအတွက် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၆၉၆ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် သံတွဲမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၄၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၂၀၀၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၄၂၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ



နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ဒေသခံပြည်သူများကို တာဝန်ရှိသူများက Mask များ အခမဲ့ပေးဝေလှူဒါန်းစဉ်။

မြို့နယ် ရှစ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြသည်။

၎င်းပြင် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာတို့၌အသီးသီးပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ကန်တော့ခံအဘိုး၊ အဘွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘိုးဘွားရိပ်သာများအတွက် အလှူငွေများနှင့် အဟာရဖြည့် စားသောက်ဖွယ်ရာများကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အခြေခံ၍ ၂၀၂၂ခုနှစ်အောက်တိုဘာ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်း ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရနှင့်ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ နိုင်ငံတော်၏မူဝါဒများ၊စီမံကိန်းများရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏နှစ်အလိုက်ခန့်မှန်းလူဦးရေစာရင်းအား နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

ယင်းစာရင်းများ ထုတ်ပြန်ရာတွင် ၂၀၁၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှကောက်ယူရရှိသော လူဦးရေကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားရာ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်၏ နှစ်လယ်ဖြစ်သော ၂၀၂၂ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ရှိသည့် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေမှာ ၅၅ ဒသမ ၈ သန်းဖြစ်ပြီး အဆိုပါနေ့ရက်တွင်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ခန့်မှန်း လူဦးရေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ထုတ်ပြန်ထားသည်-

| တိုင်းဒေသကြီး/ ပြည်နယ် | (၁-၁၀-၂၀၂၂) ရက်နေ့ရှိခန့်မှန်းလူဦးရေ (သန်းပေါင်း) | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| ကချင်ပြည်နယ် | ၁.၀ | ၁.၀ | ၂.၀ |
| ကယားပြည်နယ် | ၀.၂ | ၀.၁ | ၀.၃ |
| ကရင်ပြည်နယ် | ၀.၈ | ၀.၈ | ၁.၆ |
| ချင်းပြည်နယ် | ၀.၃ | ၀.၂ | ၀.၅ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂.၇ | ၃.၀ | ၅.၇ |
| တနင်္သာရီတိုင်းဒေသကြီး | ၀.၈ | ၀.၇ | ၁.၅ |
| ပဲခူးတိုင်းဒေသကြီး | ၂.၃ | ၂.၇ | ၅.၀ |
| မကွေးတိုင်းဒေသကြီး | ၁.၈ | ၂.၁ | ၃.၉ |
| မန္တလေးတိုင်းဒေသကြီး | ၃.၂ | ၃.၅ | ၆.၇ |
| မွန်ပြည်နယ် | ၀.၉ | ၁.၁ | ၂.၀ |
| ရခိုင်ပြည်နယ် | ၁.၆ | ၁.၈ | ၃.၄ |
| ရန်ကုန်တိုင်းဒေသကြီး | ၄.၂ | ၄.၇ | ၈.၉ |
| ရှမ်းပြည်နယ် | ၃.၃ | ၃.၄ | ၆.၇ |
| ဧရာဝတီတိုင်းဒေသကြီး | ၃.၀ | ၃.၃ | ၆.၃ |
| နေပြည်တော်ကောင်စီ | ၀.၆ | ၀.၇ | ၁.၃ |
| စုစုပေါင်းခန့်မှန်းလူဦးရေ | ၂၆.၇ | ၂၉.၁ | ၅၅.၈ |

# အောက်တိုဘာ ၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၇၃ ဦး တွေ့ရှိပြီး ယနေ့ နှစ်ဦးသေဆုံး

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၃၆၃၉ ဦး |
| သေဆုံးသူ | ၁၉၄၆၁ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၅၉၈၃၁၁ ဦး |

**နေပြည်တော် အောက်တိုဘာ ၁**

စက်တင်ဘာ ၃၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၃၄၀၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၇၃ ဦးတွေ့ရှိပြီး ယနေ့နှစ်ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဆေးတပ်ဖွဲ့ အမျိုးသားအသင်းနှင့် ကျိုင်းတုံတပ်နယ်(၁) အမျိုးသမီးအသင်းတို့က တံခွန်စိုက်ဒိုင်းဆုတို့ကို အသီးသီးရရှိ

**နေပြည်တော် အောက်တိုဘာ ၁**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို အောက်တိုဘာ ၃၀ ရက် နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ခဲ့ပြီး တံခွန်စိုက်ဒိုင်းဆုတို့ကို ဆေးတပ်ဖွဲ့အမျိုးသားအသင်းနှင့် ကျိုင်းတုံတပ်နယ်(၁) အမျိုးသမီးအသင်းတို့က ရရှိသွားကြောင်း သိရသည်။

အဆိုပါ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အရာရှိစစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများတက်ရောက်ကြပြီး ဗိုလ်လုပွဲပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။အမျိုးသားဗိုလ်လုပွဲတွင် ဆေးတပ်ဖွဲ့အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးဗိုလ်လုပွဲတွင် ကျိုင်းတုံတပ်နယ်(၁)အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း ထိုက်ထိုက်တန်တန် တံခွန်စိုက်ဒိုင်းဆုများ အသီးသီးရရှိသွားကြသည်။

ထို့နောက်ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုများ၊ တံခွန်စိုက်ဒိုင်းဆုများရရှိသော ဆေးတပ်ဖွဲ့အမျိုးသားအသင်းနှင့်ကျိုင်းတုံတပ်နယ်(၁) အမျိုးသမီးအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုများနှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ဒိုင်းဆုရရှိသည့် ဆေးတပ်ဖွဲ့ အမျိုးသားအသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

# မြင်းခြံမြို့နယ် မြောက်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်

**နေပြည်တော် အောက်တိုဘာ ၁**

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ် ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ကျောင်းသား၊ ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များကို မီးရှို့ဖျက်ဆီးခြင်း စသည့် နည်းလမ်းမျိုးစုံ အသုံးပြုကာ နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၅ နာရီ မိနစ် ၅၀ ခန့်တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြောက်ကျွန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် ကျောင်းဆောင်ရှိ ပြတင်းပေါက်တံခါးများ ပျက်စီးကာ ကျောင်းအဆောက်အအုံများ၌ လက်နက်ကြီး၊ လက်နက်ငယ်ကျည်များ ထိမှန်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။






**မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြောက်ကျွန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲကို PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုမှတ်တမ်းဓာတ်ပုံ။**

# မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက် စနေနေ့**

၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်၌ ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ခရီးစဉ်ပြေးဆွဲသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်အမှတ် XY-AML၊ လေယာဉ်အမျိုးအစား ATR-72(600)သည် ခရီးသည် ၆၃ ဦးတင်ဆောင်၍ လွိုင်ကော်လေဆိပ်သို့ဆင်းသက်ရန် လေယာဉ်ကွင်းသို့ ချဉ်းကပ်ပျံသန်းနေစဉ် အကြမ်းဖက်သမားများက လက်နက်(စိစစ်ဆဲ)ဖြင့် ပစ်ခတ်ခဲ့ရာ လေယာဉ်၏ ဘယ်ဘက်ဝမ်းဗိုက်ကို ထိမှန်ခဲ့ပြီး လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့်ခရီးသည်တစ်ဦး ညာဘက်ပါးတွင် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ပါသည်။

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်လျက် အပြစ်မဲ့ပြည်သူများကို အမျိုးမျိုးရန်ရှာကာ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများနှင့် ယခုဖြစ်စဉ်အပါအဝင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာပြစ်တင်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# သပိတ်ကျင်းမြို့နယ် မင်းကုန်းကျေးရွာရှိ တောင်ယာတဲအတွင်း၌ အပြစ်မဲ့ပြည်သူ သုံးဦးကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်

**နေပြည်တော် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဆယ်ဇင်းကုန်းကျေးရွာအုပ်စု မင်းကုန်းကျေးရွာ၏အရှေ့ဘက် ငါးမိုင်ခန့်အကွာရှိ တောင်ယာတဲ၌ နေထိုင်လျက်ရှိသော မိသားစုကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းကြောင့် ငါးနှစ်ကလေးငယ်တစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကာ အမျိုးသား တစ်ဦး၊အမျိုးသမီး တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မင်းကုန်းကျေးရွာ၏ အရှေ့ဘက် ငါးမိုင်ခန့်အကွာရှိ တောင်ယာတဲ၌ ဦးရင်မောင်နှင့် ဇနီးဖြစ်သူ ဒေါ်အေးအေးသင်း၊ သားဖြစ်သူ အသက် ငါးနှစ်အရွယ် မောင်ဆန်းသစ်အောင်တို့ရှိနေစဉ် မွန်းလွဲ ၁ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများရောက်ရှိလာပြီး ဒလန်ဟု စွပ်စွဲကာ သေနတ်ဖြင့် ပစ်ခတ်၊ဓားဖြင့် ခုတ်ကာ အကြောင်းမဲ့သတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့ အကြောင်းမဲ့ သတ်ဖြတ်ခဲ့ခြင်းကြောင့် ဦးရင်မောင်နှင့် ဇနီးဖြစ်သူ ဒေါ်အေးအေးသင်းတို့မှာ အချင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ပြီး အသက် ငါးနှစ်အရွယ် မောင်ဆန်းသစ်အောင်မှာ လက်ဖျံနှင့် လက်မောင်း ကျည်ဖောက်ဝင်ဒဏ်ရာများ အပြင်းအထန်ရရှိခဲ့ကြောင်း သိရှိရသည်။ ဒဏ်ရာရရှိခဲ့သည့်ကလေးငယ်ကို နယ်မြေခံပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အေးချမ်းစွာနေထိုင်သော မိသားစုကို အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ငါးနှစ်အရွယ် ကလေးမှတ်တမ်းဓာတ်ပုံ။**



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ဈေးတန်း(၁၁)ရပ်ကွက်နေ သစ်ဆန်းဦး(ခ)အဲငယ်သည် ၎င်းအသုံးပြုသည့် "Thisoo Sun" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကွင်းတောင်ရပ်ကွက်နေ ပြည်ညွန့်သည် ၎င်းအသုံးပြုသည့် "Pyi Nyunt" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်နေ အောင်ကိုကို(ခ)ခိုလေး၊ သန့်ဇင်ဦးနှင့် ဟိန်းထက်တို့သည် ၎င်းတို့အသုံးပြုသည့် "Aung Ko Ko" Facebook အကောင့်၊ "Thant Zin Oo" Facebook အကောင့်၊ "Hein Htet" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

ခရီးသွားဆောင်းပါး

# ကမ္ဘာကျော်ပတ္တမြားမြေ

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက် ထွက်ခဲ့တဲ့ခရီးက မိုးကုတ်မြို့ခရီးစဉ်ဖြစ်ပါတယ်။ မကြာခင်ထွက်ရှိတော့မဲ့ ခရီးစဉ်တစ်ခုအတွက် ကြိုတင်ပြင်ဆင်နေစဉ် ရုတ်တရက်အရေးပေါ်ထွက်ခဲ့ရတဲ့ ခရီးတစ်ခုဆိုရင်လဲ မမှားပါဘူး။ အကြောင်းရင်းက မိုးကုတ်မြို့မှာရှိနေတဲ့ ရတနာသိဒ္ဓိပရဟိတကျောင်းဆရာတော်က သူ့ကျောင်းမှာရှိနေတဲ့ ကျောင်းသား၊ ကျောင်းသူလေးတွေကို စိတ်ဓာတ်မြှင့်တင်ရေး စာပေဟောပြောပွဲတစ်ခု ကျင်းပဟောပြောပေးဖို့နဲ့ လိုအပ်တဲ့ ဘာသာရပ်တွေမှာ အောင်ချက်မြင့်မားရေးအတွက် ကူညီပံ့ပိုးသင်ကြားပေးဖို့အတွက် ဖိတ်ခေါ်လိုက်တာကြောင့် ရုတ်တရက်သွားရောက်လိုက်ရတာဖြစ်ပါတယ်။ သူတို့ကျောင်းက နေ့စဉ် ဖွင့်လှစ်သင်ကြားပို့ချတဲ့ ပရဟိတကျောင်းပါ။ ဆရာတော်နဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက် ကံကောင်းသွားတာက ဒီနှစ် ဝါတွင်းကာလမှာ ကျွန်တော်တို့ လက်ရှိစာသင်နေတဲ့ကျောင်းမှာ ကျောင်းပိတ်ရက်နှစ်ရက်က အစပထမပိုင်းမှာ ဆက်တိုက်နှစ်ရက်ရှိမနေခဲ့ဘဲ ဆရာတော်အကြောင်းကြားခေါ်ယူတဲ့အပတ်ရောက်မှ ဥပုသ်၊ တနင်္ဂနွေ နှစ်ရက်ဆက်ကျောင်းပိတ်တာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာရောက်ကြုံနေခဲ့တယ်။ ဒါကြောင့်လဲ စနေနေ့မနက်ကတည်းက မိုးကုတ်မြို့ကို စောစောသွားပြီး အချိန်ရသလောက် စာသင်ဟောပြောရမှာတွေ ဟောပြောခဲ့ပြီး တနင်္ဂနွေနေ့ ညနေပိုင်းရောက်မှ ပြင်ဦးလွင်ကို ပြန်ခဲ့ဖို့ စီစဉ်ထားလိုက်တယ်။

မိုးကုတ်မြို့ကို သွားမဲ့ရက် စနေနေ့မှာ စာသင်ကြားပေးရမှာလဲ အထောက်အကူပြု ခရီးသွားဖော်လဲဖြစ်စေတဲ့ စာသင်ဆောင်တွေမှာ အတူတကွ စာသင်နေကြတဲ့ အင်္ဂလိပ်စာနဲ့ ဇီဝဗေဒဘာသာပြ လုပ်ဖော်ကိုင်ဖက်ဆရာတစ်ယောက်ကို အဖော်ခေါ်ခဲ့ပြီး ပြင်ဦးလွင်မြို့ကနေ မနက်စောစော ၅ နာရီကတည်းက ထွက်လာခဲ့ကြတယ်။ ကျောင်းပိတ်ရက်တွေမဟုတ်ရင် ဒါမှမဟုတ် ကျောင်းပိတ်ရက် ဆက်တိုက်နှစ်ရက်မဟုတ်ရင် မိုးကုတ်မြို့ကို သွားရောက်ကြဖို့ လွယ်ကူကြမှာမဟုတ်ပါဘူး။ နှစ်ယောက်စလုံးက ကျောင်းဖွင့်ရက်တွေမှာ စာသင်ချိန်တွေ အပြည့်ရှိနေကြတယ်။

ပြင်ဦးလွင်မြို့က ထွက်လာတော့ မိုးတောင်မလင်းသေးဘဲ အမှောင်ထုကြီးက ကြီးစိုးနေဆဲပါ။ မိုးကုတ်မြို့ကိုသွားကြမယ်လို့ စတင်စီစဉ်ကတည်းက မန္တလေး-မတ္တရာ-သပိတ်ကျင်းလမ်းကနေ မသွားကြဘဲ ပြင်ဦးလွင်-မိုးကုတ်လမ်းသစ်ကနေ သွားရောက်ကြဖို့ ဆုံးဖြတ်ထားခဲ့ကြတယ်။ မိုးကုတ်မြို့မှာ အချိန်လုပြီး စာသင်ကြရမှာရယ်၊ လမ်းသစ်ကိုလဲ မသွားဖူးသေးကြတာကြောင့်ရယ်၊ မိုးကုတ်မြို့ကို အချိန်တိုတိုနဲ့ရောက်ဖို့ရယ်၊ လမ်းသစ်ရဲ့ ပတ်ဝန်းကျင်အနေအထားနဲ့ ရှုခင်းတွေကို ကြည့်ရှုဖို့ရယ်နဲ့ အတွေ့အကြုံသစ်တစ်ခုရကြရအောင်လို့ရယ်ပါ။ မန္တလေးမြို့ကို ဖြတ်သန်းပြီး မိုးကုတ်မြို့ကိုသွားမယ်ဆိုရင် ပြင်ဦးလွင်-မန္တလေး ၄၂ မိုင်၊ မန္တလေး-မတ္တရာ ၂၂ မိုင်၊ မတ္တရာ-လက်ပံလှ ၂၆ မိုင်၊ လက်ပံလှ-ဝါးဖြူတောင် ၂၉ မိုင်၊ ဝါးဖြူတောင်-မိုးကုတ်မိုင် ၅၀ စုစုပေါင်း ၁၆၉ မိုင်ကွာဝေးနေပြီး ပြင်ဦးလွင်-မိုးကုတ်ဖြတ်လမ်းက မိုင် ၈၀ ခန့်သာရှိနေပါတယ်။

စတင်ထွက်လာချိန်က မနက် ၅ နာရီမှောင်နေဆဲဖြစ်တာကြောင့် လမ်းတစ်လျှောက်မှာရှိနေတဲ့ လက်ဖက်ရည်ဆိုင်တွေ မဖွင့်ကြသေးလို့ လက်ဖက်ရည်သောက်ခွင့်မရကြသေးပါဘူး။ ပြင်ဦးလွင်မြို့တွင်းကို ဖြတ်သန်းသွားစရာမလိုတော့တဲ့လမ်းသစ်ကနေ လာခဲ့ကြတာကြောင့်လဲ လက်ဖက်ရည်ဆိုင်တွေက လမ်းတစ်လျှောက်မှာ ရှားပါးနေတာလဲ ပါပါတယ်။ စာရေးသူနေထိုင်တဲ့အိမ်က ပြင်ဦးလွင်မြို့ရဲ့ အရှေ့ဘက်အစွန်မှာဖြစ်နေပြီး မိုးကုတ်လမ်းသစ်နဲ့ပိုမိုနီးကပ်နေလို့ မိုးကုတ်မြို့ကို လမ်းသစ်ဖြတ်လမ်းကနေ သွားမယ်ဆိုရင် ပြင်ဦးလွင်မြို့တွင်းကို ဖြတ်သန်းစရာမလိုတော့ပါဘူး။ မန္တလေးမြို့ဘက်ကနေ သွားမယ်ဆိုရင် မြို့တွင်းကနေတစ်ဆင့် သွားရောက်ကြရမှာပါ။

ပြင်ဦးလွင်မြို့စွန်ကနေ မဟာအံ့ထူးကံသာ(ပြည်ချစ်)ဘုရားကြီးအတက် ရေငယ်လမ်းဆုံ၊ ရေငယ်လမ်းဆုံကနေ မိုးကြိုးပစ်ရွာရောက်တဲ့ထိ လက်ဖက်ရည်ဆိုင်တွေ မဖွင့်ကြသေးလို့ မိုးကြိုးပစ်ရွာလယ်တစ်နေရာမှာ ရှမ်းတိုင်းရင်းသားတွေ စောစောစီးစီးဖွင့်လှစ်ရောင်းချနေတဲ့ ရှမ်းခေါက်ဆွဲဆိုင်မှာပဲ တိုဟူးနွေးတစ်ယောက်တစ်ပွဲစီ စားလိုက်ကြရတယ်။ မိုးကြိုးပစ်ရွာဆိုတာ ရှေးယခင်နှစ်ပေါင်းများစွာကတည်းက ရှမ်းတိုင်းရင်းသားတွေ စုပေါင်းနေထိုင်လာကြတဲ့ ရှမ်းရွာကြီးတစ်ရွာဖြစ်ပြီး ရှမ်းဘာသာစကားနဲ့ ဝမ်ဖာ့ဝါလို့ ခေါ်ဆိုပါတယ်။ မြန်မာဘာသာနဲ့ မိုးကြိုးပစ်တယ်လို့ အဓိပ္ပာယ်ရပါတယ်။ သနပ်ဖက်ပင်ကြီးတစ်ပင်ကို မိုးကြိုးအပစ်ခံခဲ့ရပြီးတဲ့နောက် အစွဲပြုခေါ်ဆိုလာခဲ့ကြတာပါ။ တိုဟူးနွေးစားပြီး မိုးကြိုးပစ်ရွာက ထွက်လာတော့ မိုးလင်းသွားပါပြီ။ မိုးကြိုးပစ်ရွာကို ကျော်ဖြတ်ပြီးတာနဲ့ ပြင်ဦးလွင်-မိုးကုတ် တောင်ပေါ်လမ်းပိုင်းရဲ့ ရှုခင်းရှုကွက်တွေကို သိသိသာသာ ထင်ထင်ရှားရှား မြင်တွေ့လာရတယ်။ ကားလမ်းအရှေ့တည့်တည့်နဲ့ ဘေးဘက်ဝဲယာ ခပ်လှမ်းလှမ်းနေရာတွေမှာ မှိုင်းမှိုင်းညို့ညို့တောင်တန်းကြီးတွေပါ။ တောင်တန်းကြီးတချို့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ထဲကဖြစ်ပြီး တချို့က ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ထဲ ပါဝင်နေကြတာဖြစ်ပါတယ်။ တောင်တန်းကြီးတွေနဲ့ ကားလမ်းကြားမှာ ရှမ်းတောင်သူတွေရဲ့ စိုက်ခင်းပျိုးခင်းတွေ၊ သဘာဝတောတန်းလေးတွေ၊ ဥယျာဉ်ခြံကြီးတွေ၊ လူနေအိမ်ခြေအဆောက်အအုံတွေကို ဟိုတစ်စု၊ ဒီတစ်စု တွေ့မြင်နေရတယ်။ ဒံပေါက်ဆန်ထွက်ရာဒေသလို့ နာမည်ကျော်ကြားလှတဲ့ မဲတောရွာကို ရောက်ရှိဖြတ်သန်းနေချိန်မှာ လှေကားထစ်စိုက်ပျိုးစနစ်နဲ့ စီစီရီရီ အကွက်လှလှစိုက်ပျိုးထားကြတဲ့ စပါးခင်းတွေကို စိမ်းစိမ်းစိုစိုနဲ့ မြင်နေရပြန်ပါပြီ။ မဲတောရွာမှာ အဓိကထားစိုက်ပျိုးကြတဲ့ စပါးမျိုးက ဆန်စေးလို့ခေါ်တဲ့ ရှမ်းဆန်တစ်မျိုးပါ။ တချို့က အဖြူရောင်၊ တချို့က အနီရောင်သန်းနေကြပြီး ထမင်းချက်လိုက်တဲ့အခါမှာ မွှေးရနံ့သင်းပျံ့နေသလို ထမင်းကလဲ ကောက်ညှင်းမကျတကျ စေးစေးပိုင်ပိုင်ဖြစ်နေတယ်။ ဒီလိုရှမ်းဆန်မျိုးက ဒံပေါက်ချက်တဲ့အခါ အလွန်စားကောင်းနေပြီး ရှမ်းဆန်တွေအများအပြားစိုက်ပျိုးထွက်ရှိတဲ့ မဲတောရွာကလဲ နာမည်ကျော်ကြားသွားခဲ့ရတော့တယ်။ ပြင်ဦးလွင်ဒေသခံတွေက လယ်ဆန်၊ ယာဆန်ဆိုပြီး ခွဲခြားခေါ်ဆိုတတ်ကြသလို လယ်ဆန်ဆိုတာ ဘယ်လိုဆန်၊ ယာဆန်ဆိုတာ ဘယ်လိုမျိုး စသဖြင့် သိနေကြပါတယ်။

မဲတောရွာကို ကျော်လွန်လာတာနဲ့အမျှ အတက်အဆင်း၊ အကွေ့အကောက်တွေ ပိုမိုများပြားလာတယ်။ လမ်းဘေးဝဲယာတစ်လျှောက်က မြင်ကွင်းတွေအနေနဲ့ တောင်စဉ်တောင်တန်း၊ တောင်ညိုတောင်မှိုင်းတွေ ကွဲပြားခြားနားသွားမှုမရှိဘဲ လမ်းဘေးကပ်လျက်နဲ့ တောင်စောင်း၊တောင်ကမ်းပါးယံတွေ၊ လျှိုမြောင်ချိုင့်ဝှမ်းတွေ၊ ဆင်ခြေလျှောချောက်နက်နက်တွေမှာ မက်မန်းသီးပင်စိုက်ခင်းတွေကို ပြောင်းလဲမြင်တွေ့လာရတယ်။ မကြာခင်မှာ နောင်ပိန်ရွာကို ရောက်ရှိလာတယ်။ ပြင်ဦးလွင်-မိုးကုတ်လမ်းမှာ ရှုခင်းအကောင်းဆုံး၊ အလှဆုံးနေရာကို ပြပါဆိုရင် နောင်ပိန်ရွာရှုခင်းကို ပြရမှာပါ။ နောင်ပိန်ရွာက တောင်ပတ်လည်ဝိုင်းရံထားတဲ့ ချိုင့်ဝှမ်းထဲမှာဖြစ်နေပြီး တစ်ရွာလုံးကို ကားလမ်းပေါ်ကနေ မြင်နေရတယ်။ ရွာတွင်းမှာရှိနေတဲ့ အိမ်ခြေအများစုကလဲ အရင်ကျေးလက်နေအိမ်ပုံစံလေးတွေအတိုင်း အပြောင်းအလဲအများအပြားမရှိကြသေးဘဲ ခြေတံရှည်အိမ်လေးတွေ၊ တစ်အိမ်လုံး ရေနံချေးဝပြီး မည်းမှောင်နေတာမျိုးလေးတွေ၊ အိမ်အမိုးရှေးဟောင်းသွပ်ပြားထူထူတွေက သံချေးကိုက်(တက်) ပြီး အနီရောင်သန်းနေတာမျိုးလေးတွေ၊ ရွာတစ်ရွာလုံးနီးပါး Forget me not (ငါ့ကိုမမေ့ပါနဲ့) အမည်ရတဲ့ ခြံစည်းရိုးပင်လေးတွေကို ညီညီညာညာစိုက်ပျိုးခြံခတ်ထားတာတွေက ရွာရဲ့သဘာဝအလှကို ပိုမိုပေါ်လွင်နေစေပါတယ်။

ရွာရဲ့အရှေ့ဘက်အရပ် တောင်ကြောပေါ်မှာ ရွှေရောင်တဝင်းဝင်းတလက်လက်နဲ့ စေတီတော်တွေ၊ အမိုးပြာသာဒ်တွေနဲ့ ကျောင်းကန်ဇရပ်တွေ၊ ရွာရဲ့အနောက်တောင်ဘက်ကနေ ရွာရှိရာကို ဆင်းသွားရတဲ့ မြေလိမ်မြွေကောက်လမ်းတွေ၊ ပေါ်လွင်ထင်ရှားနေတဲ့ ရွာတွင်းလမ်းလေးတွေ၊ ရွာပတ်လည်တောင်စောင်းတွေမှာရှိနေတဲ့ မက်မန်းသီးခြံတွေ၊ နာနတ်သီးစိုက်ခင်းတွေ၊ မီးခိုးတလူလူနဲ့ တောင်ယာစိုက်ခင်းမီးရှို့နေတာလေးတွေ၊ ပဲ့တင်သံထပ်အောင် အော်ဟစ်ပြောဆိုနေကြတဲ့ ရွာအတွင်းက အော်သံ၊ ဟစ်သံ၊ ခေါ်သံ၊ ပြောသံတွေကို အမြင့်ပိုင်းနေရာ ကားလမ်းပေါ်ကနေ ကြားနေရတာလေးတွေက ရွာရဲ့အလှကို ထပ်ဆင့်ပံ့ပိုးပေးနေပြန်ပါတယ်။ ကားလမ်းပေါ်ကနေ ဖြတ်သန်းတွေ့ရှိသွားသူတိုင်း သမင်လည်ပြန်ဖြစ်တဲ့ထိ တအံ့တသြနဲ့ ငေးမောကြည့်ရှုသွားကြရတဲ့ နောင်ပိန်ရွာရဲ့ အလှတွေပါ။

နောင်ပိန်ရွာကို ကျော်လွန်လာတာနဲ့ မိနစ်အနည်းငယ်အတွင်းမှာ ကျောက်မဲလေးရွာကို ရောက်ရှိလာတယ်။ ကျောက်မဲလေးရွာက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်နဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တို့ရဲ့ နယ်နိမိတ်ပိုင်းခြားထားတဲ့ ရွာလေးတစ်ရွာပါ။ တစ်နည်းပြောရရင် ပြင်ဦးလွင်နယ်အစွန်ဆုံးက ရွာလေးဖြစ်ပါတယ်။ ကျောက်မဲလေးရွာကို ကျော်လွန်ပြီးတာနဲ့ နောင်ချိုမြို့နယ်အတွင်း ရောက်ရှိသွားပါပြီ။ ရွာတည်ခါစ အချိန်ကတည်းက ရွာရဲ့အနီးပတ်ဝန်းကျင်မှာ ကျောက်တုံးအမည်းတွေရှိနေတာကြောင့် ကျောက်မဲရွာလို့ အလွယ်တကူခေါ်ဆိုခဲ့ကြပေမဲ့ ရှမ်းပြည်နယ်အတွင်းမှာ အမည်တူကျောက်မဲမြို့ရှိနေလို့ နောက်ပိုင်းမှာ ကျောက်မဲလေးရွာဆိုပြီး ခွဲခြားခေါ်ဆိုခဲ့ကြတယ်။

ကျောက်မဲလေးရွာနဲ့အတူ ရှေ့ဆက်ရောက်ရှိမဲ့ ဟိုခိုလမ်းဆုံ၊ ဟိုခိုရွာထိ တောင်တန်းတောင်ကုန်းတွေပေါ်ကနေ ကွေ့ကောက်ဖြတ်သန်းကားမောင်းနေရတာမဟုတ်ဘဲ အတော်အတန်ပြန့်ပြူးညီညာတဲ့ မြေပြင်ပေါ်မှာ မောင်းနေရတာပါ။ ဟိုခိုလမ်းဆုံက ပြင်ဦးလွင်-မိုးကုတ်-နောင်ချိုမြို့တွေရှိရာကို ခွဲထွက်သွားရောက်ရတဲ့ လမ်းဆုံတစ်ခုပါ။ လမ်းရဲ့ ယာဘက်ကိုချိုးကွေ့မောင်းနှင်သွားမယ်ဆိုရင် နောင်ချိုမြို့ကို ရောက်သွားမှာဖြစ်ပြီး ဘယ်ဘက်ကနေ မောင်းနှင်သွားမယ်ဆိုရင် မိုးကုတ်မြို့ကို ရောက်ရှိမှာပါ။ ဟိုခိုရွာကိုရောက်မှ ကားနားလူနားရင်း လက်ဖက်ရည်သောက်ကြရတယ်။ ဟိုခိုရွာက ရွာကြီးတစ်ရွာဖြစ်တဲ့အတွက် ဈေးတွေ၊ ကျောင်းတွေနဲ့ စည်ကားပါတယ်။ ဒါ့ပြင် မြန်မာ့သမိုင်းမှာ ထင်ရှားလှတဲ့ တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင်ဆရာစံကို နယ်ချဲ့ဗြိတိသျှတွေ ဖမ်းဆီးရမိသွားခဲ့တဲ့ ရွာတစ်ရွာလဲဖြစ်နေတယ်။ ဟိုခိုရွာမှာ နေထိုင်ကြတဲ့သူတွေက ရှမ်း၊ ဗမာ၊ ပလောင်၊ ဓနု၊ ဂေါ်ရခါး စသဖြင့် တိုင်းရင်းသားလူမျိုးတွေ စုံလင်လှတယ်။

မိမိအမြဲတစေ မောင်းနှင်စီးနင်းနေတဲ့ စီးတော်ယာဉ်လဲဖြစ်၊ ခရီးသွားဖော်လိုလဲဖြစ်နေတဲ့ ခွေးဘီလူးကားလေးနဲ့ ဟိုခိုရွာထိ အကြိမ်ကြိမ်အခါခါ ရောက်ဖူးသွားဖူးနေပေမဲ့ ရှေ့ဆက်ပြီး ရောက်ဖူးသွားဖူးခြင်းမရှိသေးပါဘူး။ မိုးကုတ်မြို့ကို သွားမယ်ဆိုရင်၊ မိုးကုတ်မြို့ကနေ ပြန်မယ်ဆိုရင် မန္တလေးမြို့ကနေတစ်ဆင့် သွားလာနေခဲ့မြဲဖြစ်တာကြောင့် အခုတစ်ခေါက်ပြင်ဦးလွင်-မိုးကုတ်လမ်းသစ်ခရီးစဉ်က ပထမဦးဆုံးခရီးစဉ်ဖြစ်နေတယ်။ ဒါကြောင့်လဲ လမ်းအသစ်၊ ခရီးအသစ်ကို ဂရုစိုက်ပြီး မောင်းနှင်ရတော့မှာပါ။ နောက်တစ်ချက်က ဟိုခိုရွာကို ကျော်လွန်ပြီးတာနဲ့ တစ်ပြိုင်နက် တောင်ကုန်းတောင်တန်းတွေ၊ လျှိုမြောင်ချိုင့်ဝှမ်းတွေ၊ သစ်တော၊ ဝါးတောကြီးတွေ ထူထပ်များပြားလာတာနဲ့အမျှ ရွာစဉ်ရွာတန်းတွေလဲ နည်းပါးလာကြတော့မှာဖြစ်ပါတယ်။

သိရှိကြားဖူးထားတဲ့အတိုင်း ဟိုခိုရွာက ထွက်လာပြီး မကြာခင်မှာ အကွေ့အကောက်များတဲ့လမ်း၊ အတက်အဆင်းများတဲ့လမ်း၊ သစ်ပင်သစ်တောထူထပ်တဲ့လမ်း၊ အသွားအလာနည်းပါးပြတ်လပ်တဲ့လမ်းအဖြစ် မြင်တွေ့လာရတယ်။ တောင်တွေကို တစ်တောင်ပြီးတစ်တောင်ကျော်ရင်း၊ ကွေ့တွေကို တစ်ကွေ့ပြီးတစ်ကွေ့ဖြတ်ရင်းနဲ့ လယ်ကြီးရွာသစ်လမ်းဆုံကို ရောက်ရှိလာတယ်။ လယ်ကြီးရွာလမ်းဆုံက ပြင်ဦးလွင်နဲ့ ၆၄ မိုင်ဝေးကွာနေပြီး မိုးကုတ်မြို့နဲ့ ၁၄ မိုင်သာဝေးကွာပါတော့တယ်။ လယ်ကြီးရွာလမ်းဆုံကနေ မိုးမိတ်မြို့နဲ့ ကျောက်မဲမြို့တို့ရှိရာကို သွားရောက်နိုင်ကြောင်း သိထားရတယ်။ လယ်ကြီးရွာလမ်းဆုံမှာ ကားကို ခဏအနားပေးပြီး ပူနေတဲ့ကားဘီးတွေကို ရေလောင်းရသေးတယ်။ ကားအင်ဂျင်လဲအေး၊ ကားဘီးတွေလဲအေးမှ ပြန်ထွက်လာခဲ့တာ ကျေးရွာလေးတွေကိုဖြတ်၊ မိုးကုတ်မြို့စွန်က ရပ်ကွက်လေးတွေကိုဖြတ်ပြီး မကြာခင်မှာ မိုးကုတ်မြို့ကြီးကို အပေါ်စီးကနေမြင်ရတဲ့နေရာတစ်ခုကို ရောက်ရှိလာတယ်။ မြို့ရှုခင်းတွေကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ရင်းနဲ့ သွားရောက်စာသင်ကြား ဟောပြောပေးရမဲ့ ရတနာသိဒ္ဓိပရဟိတကျောင်းကို ဖုန်းနဲ့ဆက်သွယ်ပြီး ရောက်ရှိလာပြီဖြစ်ကြောင်းနဲ့ ဘယ်နေရာလာရမယ်ဆိုတာကို ဆက်သွယ်လိုက်ရတယ်။ ကမ္ဘာကျော်ပတ္တမြားမြေမှာ စာပေသင်ကြားဟောပြောရင်း လေ့လာစရာရှိတာတွေကို ဆက်လက်လေ့လာလိုက်ပါအုံးမယ်။



မိုးကုတ်မြို့ရှုခင်းကို တွေ့ရစဉ်။

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## အစအနောက်သန်တဲ့ ဖိုးရွှေမျောက်

ကလေးတို့ရေ မင်္ဂလာပါကွယ်။ ဦးဦး ပုံပြင်လေး တစ်ပုဒ်ပြောပြမယ်နော်။

တစ်ခါတုန်းကပေါ့ကွယ် သာယာဝပြောတဲ့ တောအုပ်ကြီးတစ်ခုထဲမှာ တိရစ္ဆာန်အပေါင်းဟာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်ကြသတဲ့။ အဲဒီထဲမှာ ဖိုးရွှေမျောက်လဲ အပါအဝင်ပေါ့။ ဖိုးရွှေမျောက်ဟာ အလွန်အစအနောက်သန်သတဲ့။ သူတစ်ပါးကို စနောက်နေရမှ ပျော်သတဲ့ကွယ်။

"ပြေးကြဟေ့ ပြေးကြ။ တောထဲကို မုဆိုးတွေ ဝင်လာပြီ"

ဖိုးရွှေမျောက်ဟာ အသံအကျယ်ကြီးအော်ပြီး သူကိုယ်တိုင်လဲ ပြေးလွှားနေသတဲ့။ အခြားတိရစ္ဆာန်တွေလဲ ဖိုးရွှေမျောက်အသံကိုကြားတော့ ကြောက်လန့်တကြား ပြေးကြတာပေါ့။ အဲဒီအခါ တစ်ကောင်နဲ့တစ်ကောင် တိုက်မိကြ၊ ဆူးတွေနဲ့ ခြစ်မိကြနဲ့ ဒဏ်ရာတွေ ရကုန်သတဲ့ကွယ်။

အဲဒီသတင်းကို ဖိုးဖိုးခြင်္သေ့ကြီး ကြားတဲ့အခါ ခေါ်မေးတာပေါ့။ အားလုံးကလဲ ဖိုးရွှေမျောက်က မုဆိုးတွေလာပြီပြောလို့ ပြေးရကြောင်း ရှင်းပြသတဲ့ကွယ်။ အဲဒီအခါ ခြင်္သေ့ကြီးက ဖိုးရွှေမျောက်ကို ခေါ်မေးတာပေါ့။

"ဟဲ့ ဖိုးရွှေမျောက်။ မုဆိုးတွေဝင်လာတာဟုတ်လား"

"ဟို . . . ဟို. . . ကျွန် . . . ကျွန်တော်. . . စနောက်မိတာပါ"

ဖိုးရွှေမျောက်က တုန်တုန်ယင်ယင်နဲ့ပြောသတဲ့။ အားလုံးကလဲ စိတ်ဆိုးကုန်တာပေါ့ကွယ်။

"ဖိုးရွှေမျောက် မင်းကတော့ စနောက်လိုက်တယ်ဆိုပေမဲ့ အခြားသူတွေ ဘယ်လောက် ဒုက္ခရောက်ကုန်သလဲ။ စနောက်တယ်ဆိုတာ သူတစ်ပါးအတွက်လဲ မကောင်းသလို ကိုယ့်အတွက်လဲ မကောင်းဘူးကွဲ့။ တကယ်အရေးကြုံလာတဲ့အခါ ကိုယ့်စကားကို ဘယ်သူမှ မယုံတော့ဘူးကွဲ့"

"ဟုတ်ကဲ့ပါ ဖိုးဖိုးခြင်္သေ့မင်းခင်ဗျာ။ နောက် မစတော့ပါဘူး"



ဖိုးရွှေမျောက်က ကတိပေးတော့ အားလုံးကျေနပ်သွားတာပေါ့ကွယ်။

တစ်ပတ်လောက်ကြာတဲ့အခါ ဖိုးရွှေမျောက်ရဲ့ အကျင့်က ပြန်ပေါ်လာတယ်တဲ့ကွယ်။ တစ်နေ့တော့ ဆင်ကြီးပေါက်ပေါက် ရေသောက်ပြန်လာတဲ့အချိန်မှာ စနောက်ဖို့ စောင့်နေတာပေါ့။ ဆင်ကြီးလာတာ မြင်တယ်ဆိုရင်ပဲ ဖိုးရွှေမျောက်က ရေအိုင်ထဲကိုခုန်ဆင်းပြီး ရေနစ်ချင်ယောင်ဆောင်ကာ "ကယ်ကြပါအုံးဗျို့ . . . ကယ်ကြပါအုံး"လို့ အကျယ်ကြီးအော်သတဲ့။

ဆင်ကြီးပေါက်ပေါက်ကြားတော့ သွားရနိုး၊ မသွားရနိုးနဲ့ စဉ်းစားနေတာပေါ့ကွယ်။ နောက်ဆုံးတော့ ဖိုးရွှေမျောက် မစလောက်ဘူးထင်ပြီး ရေထဲမှာ ပေါ်လိုက်မြုပ်လိုက်ဖြစ်နေတဲ့ ဖိုးရွှေမျောက်ကို ဆင်ကြီးက ဆင်းကယ်တာပေါ့။ ကုန်းပေါ်ရောက်တဲ့အခါ ဖိုးရွှေမျောက်က ဆင်ကြီးကို လှောင်သတဲ့။

"ဟား ဟား ကိုဆင်ကြီး အဟုတ်မှတ်လို့ ခံသွားရပြီဟေ့။ ကျုပ်က ရေကူးတတ်တယ်ဗျ။ ဟား ဟား" ဆိုပြီး ရေကူးပြသတဲ့။ ဆင်ကြီးလဲ စိတ်ဆိုးပြီး ထွက်သွားတာပေါ့။

တစ်နေ့တော့ ဖိုးရွှေမျောက်ဟာ သစ်သီးရှာသွားရင်း မုဆိုးတစ်ယောက်ထောင်ထားတဲ့ ကျော့ကွင်းထဲမှာ မိသွားသတဲ့ကွယ်။ အဲဒီအခါ ကြောက်လန့်တကြားနဲ့ အော်ဟစ်အကူအညီတောင်းတော့တာပေါ့။ ဖိုးရွှေမျောက်ရဲ့အသံကို ဆင်ကြီးပေါက်ပေါက်ကြားတော့-

"ဒီကောင် အကျင့်မပျောက်သေးဘူးပဲ"ဆိုပြီး ကျောခိုင်းထွက်သွားသတဲ့။ အခြားတိရစ္ဆာန်တွေကလဲ ဖိုးရွှေမျောက်ရဲ့ အသံကိုကြားတော့ ဝေးဝေးကရှောင်ကြသတဲ့။

ဖိုးရွှေမျောက်လဲ ဘယ်လိုရုန်းရုန်း မလွတ်နိုင်ဘူးတဲ့ကွယ်။ ဖိုးဖိုးခြင်္သေ့ကြီးရဲ့ စကားတွေကိုကြားယောင်ပြီး နောင်တရနေတာပေါ့။ ဒါပေမဲ့ သူနောင်တက နောက်ကျခဲ့ပြီပေါ့ကွယ်။ မကြာခင်မှာပဲ မုဆိုးကြီး ရောက်လာပြီး ဖိုးရွှေမျောက်ကိုသတ်ကာ ယူသွားတော့တာပေါ့။

သားတို့၊ သမီးတို့လဲ မှတ်ထားနော်။ စနောက်တယ်ဆိုတာ မကောင်းဘူးကွဲ့။ သူတစ်ပါးကိုလဲ စိတ်အနှောင့်အယှက်ဖြစ်စေတယ်။ ပြီးတော့ တကယ်အရေးကြုံလာတဲ့အခါမှာ ကိုယ့်စကားကို ဘယ်သူမှ မယုံကြည်ကြတော့ဘဲ ဖိုးရွှေမျောက်လို ဒုက္ခရောက်ရတယ်ကွဲ့။

ဒါကြောင့် မကောင်းတဲ့အကျင့် စွဲကပ်လာရင် အမြန်ဆုံးပျောက်ဖျက်ပစ်ရမယ်နော်။

ကဲ . . . သားတို့၊ သမီးတို့အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး လူကောင်းလူတော်လေးတွေဖြစ်ကြပါစေလို့ ဦးဦးကဆုတောင်းပေးရင်း ပုံပြင်လေးကို ဒီမှာပဲအဆုံးသတ်လိုက်ပါတယ်ကွယ်။

**အောင်သွေး(မြစ်သား)**

## လက်ဆင့်ကမ်းစေ ရိုးရာအမွေ

♦ ခေါင်းခြေလက်ခါး စည်းချက်ညီ
လှုပ်ရှားကခုန်သည်၊
သီဆိုကြမည် သံပြိုင်သီချင်း
ရေးစပ်ဖွဲ့သီရင်း။

♦ ပလွေဒုံမင်း သံသာယာ
ပတ္တလားလည်းပါ၊
တီးခတ်ကြကာ ပျော်ပျော်ပါး
ကူညီစည်းနဲ့ဝါး။

♦ လေ့လာမှတ်သား ရိုးရာအမွေ
ထိန်းသိမ်းကြစို့လေ၊
မြန်မာစာပေ အစပြု
သမိုင်းယဉ်ကျေးမှု။ ။



**မင်းသူရိန်(သာကေီနွယ်)**

## ခဲဖျက်လေး

♦ ခဲတံလေးရဲ့ အမြီးမှာ
ခဲဖျက်ကလေးပါ
မှားသောအခါ ဖျက်ဖို့ရေး
ကူညီထောက်ပံ့ပေး။

♦ ဘဝရှေ့ရေး မှန်းကာရွယ်
လှပစေဖို့ကွယ်
အမှားကိုပယ် ဖျက်ပါလို့
အမှန်ရေးကြစို့။ ။

**သန့်ဇင်ဦး(တောင်တွင်း)**



# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ခြံ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ပျော်ဘွယ်မြို့နယ် ကြက်တွင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ပျော်ဘွယ် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကြက်တွင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်နှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကြက်တွင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၈၀၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က လမ်းရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် Cash For Work စီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ် သိန်း ၁၀၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ တတိယပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်ထံမှ သိရသည်။



**ဖြိုးထက်အောင်(ပျော်ဘွယ်)**





## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ကွင်းအမှတ်-၂၂၅၊ ကန်ဖြူအနောက်ကွင်း၊ ဦးပိုင်အမှတ် ၁/၁ လယ်မြေဧရိယာ (၅. ၅၁)ဧကသည် ဦးတင့်အုန်း နှင့် ညီအစ်ကိုမောင်နှမများ ပိုင်ဆိုင်ပါသည်။ မိသားစုစီမံမှုအရ ဦးတင့်အုန်းတစ်ဦးတည်း စိုက်ပျိုးလုပ်ကိုင်နေသော်လည်း ဦးတင့်အုန်းအပါအဝင် ညီအစ်ကိုမောင်နှမအားလုံး ပိုင်ဆိုင်မှုဖြစ်သဖြင့် ညီအစ်ကိုမောင်နှမများ၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ၎င်းတစ်ဦးတည်းအနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း စသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်မရှိကြောင်းနှင့် အကယ်၍ ဝယ်ယူရန်အစီအစဉ်ရှိသူများက ကြေညာခြင်းတစ်စုံတစ်ရာ ရှိထားပါကလည်း ယခုကြေညာချက်ဖြင့် ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင့်အုန်း၏ ညီအစ်ကိုမောင်နှမများ**

၁။ ဦးထွန်းအောင် (၉/မတရ(နိုင်)၀၀၆၂၅၀) အမှတ်(၅)ရပ်၊ မတ္တရာမြို့။
၂။ ဦးရန်ဝင်း (၉/မတရ(နိုင်)၀၀၇၉၃၉) အမှတ်(၅)ရပ်၊ မတ္တရာမြို့။
၃။ ဒေါ်ဝင်းဝင်းမော် (၉/မတရ(နိုင်)၀၀၇၉၄၅)၊ အမှတ်(၅)ရပ်၊ မတ္တရာမြို့။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာ/အနောက်ရပ်၊ အကွက်(၅၃၇)ရှိ ဘိုးဘွားပိုင်မြေ၊ ဦးပိုင်အမှတ်(၁၈/၁၇)ပေါ်ရှိ (၃၀×၃၅)ပေအကျယ်ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်နံကပ် ပျဉ်ကာအဆောက်အဦးနှင့် ရေမီးအစုံအလင်တို့အား ဒေါ်ယဉ်ယဉ်ဦး (၅/မမန(နိုင်)၀၇၄၇၀၆)မှ အပြီးအပိုင် ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မောင်ဝင်း(အထက်တန်းရှေ့နေ)၊ ၀၉-၄၄၁၀၀၀၇၄၇**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ နယ်မြေ(၄)တွင်နေထိုင်သည့် ဒေါ်သက်သက်ထွန်း (ခ) ဒေါ်ချစ်၏သားဖြစ်သူ မောင်စိုးပိုင်ဦး (၅/စကန(နိုင်)၁၅၀၉၁၁)သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသဖြင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ဘဲ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ**
**ဒေါ်သက်သက်ထွန်း (ခ) ဒေါ်ချစ်**

**သင့်**
**သွေး**
**ဖြင့်**
**အသက်**
**ကယ်ပါ**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာကျစေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်နဲ့တွေ့ဆုံဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒုတိယအကျော့ ထပ်မံဆွေးနွေးပါမယ်။ တစ်ချိန်တည်းမှာပဲ မဆွေးနွေးရသေးတဲ့ EAO များကိုလည်း ကျွန်တော်ထပ်မံဖိတ်ခေါ်ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးကို တကယ်ကောင်းကျိုးဆောင်ဖို့လိုလားတယ်ဆိုရင် ဆွေးနွေးပါ။ တောင်းဆိုပါ။ တရားဝင်နိုင်ငံရေးစင်မြင့်ကို တက်လှမ်းကြဖို့ ကျွန်တော်ပြောလိုပါတယ်။ ဒါတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ်ဖွင့်ထားပါတယ်။ ရဲရဲသာလျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော်ပြောလိုပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**၁-၈-၂၀၂၂**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံရုံးသံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၂၁ ကော်လံ ၁☆

**အောက်တိုဘာ ၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၇၃ ဦး တွေ့ရှိပြီး ယနေ့ နှစ်ဦး သေဆုံး**

စာမျက်နှာ - ၂၆

**မြင်းခြံမြို့နယ် မြောက်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်**

စာမျက်နှာ - ၂၇

**သပိတ်ကျင်းမြို့နယ် မင်းကုန်းကျေးရွာရှိ တောင်ယာတဲအတွင်း၌ အပြစ်မဲ့ပြည်သူ သုံးဦးကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်**

စာမျက်နှာ - ၂၇

